# နိုင်ငံ၊ လူမျိုးနှင့် အချုပ်အခြာ အာဏာကို စောင့်ရှောက်သော ဥပဒေ (အပိုင်း ၁)

**■ ရှုံးနေရင်းကကို အကျောတွေ ပေးပေးနေရ**

တစ်ခါတလေ ကစားပွဲ (Game)တွေမှာ မိမိကိုယ်နှိုက်က လက်ခံတဲ့အတွက် အကျောပေးတဲ့ အနေနဲ့ဖြစ်စေ မလွှဲမရှောင်သာတော့လို့ဖြစ်စေ ရွေးချယ်စရာ မရှိတော့လို့ဖြစ်စေ ကစားပွဲရဲ့စည်းမျဉ်းများ (Rule of the Game) တွေဟာ မျှတခြင်းမရှိကြောင်း သိသိကြီးနဲ့ကို အကြောင်းကြောင်းသော အကြောင်းကြောင်းတို့ကို အကြောင်းပြုပြီး သကာလ အဲဒီစည်းမျဉ်းတွေကို လက်ခံကာ ပါဝင်ကစားကြရတဲ့ ကစားပွဲတွေ ရှိတတ်ကြတယ်။ ဥပမာအားဖြင့် အနီးစပ်ဆုံးပြရရင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဖြစ်ပါတယ်။

အခု ၁၉၈၂-နိုင်ငံသားဖြစ်မှု ဥပဒေနဲ့ စိစစ်တဲ့ ဖြစ်စဉ်မှာ စစ်ဆေးမှု လုပ်လိုက်တိုင်း လုပ်လိုက်တိုင်း မိမိတို့ဘက်က ရှုံးနေတဲ့အရှုံး တစ်ခုရှိတယ်။ ဟုတ်ပြီ . . . ၈၂ နဲ့ စစ်တာတော့ ဟုတ်ပြီ၊ စစ်လိုက်လို့ နိုင်ငံသားမဖြစ်ထိုက်ကြောင်း တွေ့ရှိရသူတွေကိုကျတော့ ဘာလုပ်မလဲဆိုတဲ့ အမေးကို မေးကြည့်ရင် ကိုယ်ဘာ ရှုံးနေသလဲဆိုတာကို မြင်ရပါတယ်။ ဒီတရားမဲ့ ရောက်ရှိနေသူတွေကို ဥပဒေနဲ့အညီ ထောင်ချမှာလား၊ ထောင်ချပြီးလို့ ထောင်ကလွတ်လာရင် ဘယ်ကိုပို့မှာလဲ၊ ဘင်္ဂလားဘက်ကို အတင်းပြန်ပို့မလား၊ ပင်လယ်ထဲက ကျွန်းတစ်ကျွန်းပေါ်ကို ပို့မလား၊ ထောင်မှာ မဆံ့ရင်ကော ဘယ်လိုလုပ်မလဲ၊ ကုန်းပေါ်က ကန့်သတ်နယ်မြေတစ်ခုမှာ သံဆူးကြိုး ခြံစည်းရိုး ခတ်ထားမလား၊ ဒါမှမဟုတ် ခိုးဝင်မှန်းသိတဲ့သူတွေကို အခုနေအတိုင်း INGO တွေက ဒေသခံလူနည်းစုတွေကို မပေးတဲ့ ထောက်ပံ့မှု အတိုင်းအတာတွေပေး အားဆေးတွေထိုးပြီး ပြုစုပျိုးထောင်ထားမလား ...။ ကျွန်တော် တို့မှာတော့ မေးခွန်းတွေပဲရှိနေတယ်။ ဒေသခံ မြို၊ ခမီ၊ ဒိုင်းနက်၊ ရခိုင် စတာတွေထက် ခိုးဝင်တွေကို ပိုမိုအားကောင်းအောင် နိုင်ငံတကာ အထောက်အပံ့ ဒလဟောပေးခွင့်ကို တာဝန်မဲ့စွာနဲ့ ဒီအတိုင်းပဲ ပေးထားမှာကိုလည်း သိနေတယ်။

ဒီကစားပွဲ (Game) မှာ ပုံစံက ဘယ်လိုဖြစ်နေသလဲဆိုတော့ ‘ငါတော့ မရှုံးဘူး၊ ဖဲတစ်ပွဲချင်း တစ်လက်ချင်းမှာ ငါ နည်းနည်းစီ နိုင်မယ်၊ မင်းလက်ထဲမှာ ပါလာတဲ့ပိုက်ဆံတွေ အကုန်ကုန်ပြီး ငါ့လက်ထဲကိုရောက်တော့မှ ဖဲဝိုင်းပြီးမယ်’ ဆိုသလိုမျိုး ဖြစ်နေတယ်။ ၁၉၈၂ ဥပဒေကို ဖောက်ဖျက် လီဆယ် ပြီးတော့ ဘင်္ဂါလီတွေကို ပြုနိုင်ငံသား နည်းနည်းချင်း ပေးသွားမယ်၊ ကျန်တဲ့ တရားမဲ့ ရောက်ရှိ နေသူတွေကို ဒီအတိုင်းထားမယ်၊ ခုနက ပြုနိုင်ငံသား ဖြစ်သွားတဲ့သူနဲ့ မဖြစ်သေးတဲ့ သူတွေနဲ့ လက်ထပ်မယ်၊ ကလေးတွေမွေးမယ်၊ လက်မထပ်လည်း ပြဿနာမရှိဘူး၊ ဖမ်းမှ မဖမ်းတာကိုး ...။ ဒီလိုနဲ့ အချိန်တွေ နောက် နည်းနည်း ကြာလာတဲ့အခါ နောက်တစ်ခါ နိုင်ငံသားစိစစ်ရေး လုပ်တယ်ဆိုတာကြီးကို နောက်ထပ်လုပ်ပြန်ဦးမယ် ...။ ဒီလိုနဲ့ ပုံမှန် လူဦးရေတိုးနှုန်းထက် မကသော နှုန်းထားနဲ့ တိုးနေတဲ့ ပြင်ပလူအုပ်စု တစ်စုဟာ နိုင်ငံသားတွေ ဖြစ်သွားမယ်။ အဲဒီလူအုပ်စုဟာ လူဦးရေ ပေါက်ကွဲမှုဖြစ်နေတဲ့ အိမ်နီးချင်းနိုင်ငံကလူတွေ နောက်ထပ် ဝင်လာဖို့အတွက်ရာ အခိုင်အမာ စခန်းထောက်အနေနဲ့ မြန်မာနိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေးနဲ့ နိုင်ငံရေးတို့မှာ

နေရာရပြီး ဖြစ်နေလိမ့်မယ်။ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာဟာလည်း စည်းပေါက်ယွင်းယိုတဲ့ Compromised ဖြစ်သွားတဲ့ အခြေအနေ ရောက်သွားပါလိမ့်မယ်။

ဒီတော့ မေးခွန်းက ဒီလို ...၊ ဟုတ်ပြီ၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေနဲ့ ဒီဘင်္ဂါလီတွေကို စစ်မယ်။ စစ်လို့ (ပြု)နိုင်ငံသား ဖြစ်တဲ့လူ ဖြစ်လာမယ်၊ ဟုတ်ပြီ၊ နိုင်ငံသားပေးလိုက်ပါ၊ ဒါပေမဲ့ နိုင်ငံသား ဖြစ်ထိုက်ကြောင်း မတွေ့ရဘဲ မြန်မာနိုင်ငံထဲမှာ ရောက်နေတဲ့သူတွေကို ဘာလုပ်ကြမှာလဲ ...။

'မြန်မာနိုင်ငံသား ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ' ရဲ့ အပိုဒ်-၂၈ မှာ ဒီလိုပြဋ္ဌာန်းထားတယ်။ '၁၉၄၈ ခုနှစ် ဇွန်နဝါရီလ ၄ ရက် နေ့မှစ၍ နိုင်ငံတော်အတွင်းသို့ မတရားသော နည်းလမ်းဖြင့် ဝင်ရောက်လာကြပြီး နိုင်ငံသား မှတ်ပုံတင် လက်မှတ်ကိုင်ဆောင်ခြင်းမရှိဘဲ  နေထိုင်လျက်ရှိသော နိုင်ငံခြားသားများသည် ပြည်ထဲရေး ဝန်ကြီးဌာနက သတ်မှတ်သည့် နေ့ရက်ကို နောက်ဆုံးထား၍ နိုင်ငံတော်မှ ထွက်ခွာသွားရမည်' လို့ ဆိုထားတယ်။ သူ့ရဲ့ နောက်ဆက်တွဲ အပိုဒ်-၂၉ ကတော့ ထွက်ခွာသွားခြင်း မပြုရင် တည်ဆဲဥပဒေပြဋ္ဌာန်းချက်တွေအရ အရေးယူရမည်လို့ ဆိုထားပါတယ်။

ဖော်ပြထားတဲ့ အရေးယူနိုင်တဲ့ပြဋ္ဌာန်းချက် သုံးမျိုးအနက် တစ်မျိုးကတော့ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၁၃ (၁) ဖြစ်ပါတယ်။ တရားဥပဒေနဲ့မညီတဲ့ ဝင်ရောက်နေထိုင်သူတွေကို ပုဒ်မ ၁၃ (၁) အရ ထောင်ခြောက်လကနေ ငါးနှစ်အတွင်းဖြစ်စေ၊ အနည်းဆုံး ဒဏ်ငွေ ကျပ် ၁၅၀၀ ဖြစ်စေ၊ နှစ်မျိုးစလုံးဖြစ်စေ ချမှတ်စီရင်ရမယ်လို့ ပြဋ္ဌာန်းထားတယ်။

ဥပဒေအတိုင်း တိတိကျကျဖြစ်ရမယ့် ဥစ္စာတွေကို အထက်မှာ ဥပဒေ အချက်အလက်တွေ ဘာတွေနဲ့ ပြောခဲ့တာကို လူနားလည်လွယ်အောင် ပြန်ပြောရရင် ... လူတစ်သန်းလား ဘာလား ဒီမှာ ရောက်နေတယ်၊ ဘာကတ်မှ မရှိဘူး၊ ဒီတော့ ဥပဒေသတ်မှတ်ချက်အရဆိုရင် နိုင်ငံခြားသားတွေ ဖြစ်နေတယ်၊ ဥပဒေအတိုင်း အရေးယူမယ်ဆိုရင် သူတို့ကို ဒီမြေကနေ ထွက်သွားစေရမယ်၊ မသွားဘူးလား ... ထောင်ချရမယ်။ ဒါက သတ်မှတ် ပြဋ္ဌာန်းထားတဲ့အတိုင်း ဖြစ်ရမယ့် သဘောကို လိုရင်းတိုရှင်း ပြောပြတာ။

ကဲ ဒီတော့ အထက်မှာ ဆင့်ကဲဆင့်ကဲ ရေးထားတာတွေကို အချုပ်ပြုလို့ပြောရမယ်ဆိုရင် ဘာပဲပြောပြော ... ရေမျောကမ်းတင်တွေကို ကုန်းပေါ်က ဘယ်လိုဖယ်ရှားမယ်ဆိုတဲ့ ရှင်းရှင်းလင်းလင်း မူဝါဒ တစ်ခုခု ကျွန်တော်တို့ မျက်စိရှေ့မှာ ထင်သာမြင်သာ ရှိမနေဘူးလို့ပဲ ပြောရပါလိမ့်မယ်။

(၂)

**■ ၈၂ ဥပဒေမှာ အပေါက်တွေ ပေါက်နေတယ် ဆိုတာ မှန်သလား**

နိုင်ငံတကာ INGO နဲ့ UN bodies တွေရဲ့အကြီးအကဲအချို့နဲ့၂၀၁၅ ရွေးကောက်ပွဲအပြီး ကျွန်တော်နဲ့ သီးခြား တွေ့ဆုံဖြစ်ခဲ့ ကြစဉ်မှာ သူတို့ဘက်က ပြောတာရှိတယ်။ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေနဲ့ ဘင်္ဂါလီတွေကို စိစစ်လိုက်ရင် အကုန်လုံးနီးပါးက နိုင်ငံသားတွေ ဖြစ်သွားနိုင်တယ်ဆိုတဲ့ ဥပဒေပိုင်းဆိုင်ရာ သုံးသပ်ချက် အခိုင်အမာ ရှိနေတယ်လို့ သူတို့က ဆိုတယ်။ ကျွန်တော်က လုံးဝမဟုတ်ဘူးလို့ ငြင်းတယ်။ သူတို့ကတော့ အဓိပ္ပာယ်ပါတဲ့ အပြုံးတွေကို ပြုံးပြပါတယ်။ ငါတို့ ဖဲချိုးထားတာကို ဒီငနဲ သိပုံမရဘူးဆိုတဲ့ အဓိပ္ပာယ် ဖြစ်ကောင်းဖြစ်မယ်။

အလားတူပဲ ပြီးခဲ့တဲ့သုံးပတ်လောက်က မြန်မာ့အရေးကျွမ်းကျင်သူ (အထူးသဖြင့် မြန်မာနိုင်ငံထဲက ဘင်္ဂါလီများအရေး) ကို ကျွမ်းကျင်သူ နိုင်ငံခြားသား စာရေးသူတစ်ဦးက တွေ့ချင် ပြောချင်ပါတယ်ဆိုလို့ ကျွန်တော့် နေအိမ်ကို ရောက်လာပြီး အလွတ်သဘော ပြောကြရာမှာ သူကလည်းပဲ ဒီသဘောကို ပြောပါတယ်။ အဓိက,ကတော့ လူဝင်မှု ကြီးကြပ်ရေး ဝန်ကြီးဟောင်း ဦးခင်ရီကလည်း ဘင်္ဂါလီတော်တော်များများ နိုင်ငံသား ရသွားနိုင်တယ်လို့ ပြောဖူးကြောင်းကို ထောက်ပြတယ်။ ၈၂-ဥပဒေ အာဏာသက်ရောက်မှု မရှိခင်ကာလက နိုင်ငံသားဖြစ်ပြီးသူတွေဟာ နိုင်ငံသား ဖြစ်တယ်ဆိုတဲ့အချက်နဲ့ အဓိက သက်ဆိုင်တယ်လို့ ပြောသွားခဲ့ပါတယ်။

နောက်ပြီးတော့ မြေပုံမှာစစ်ဆေးတဲ့ အခါ ဒီလို မရမက ဖောက်ထားတဲ့ အပေါက်ကို သုံးပြီးတော့ လျှောက်ထားသူတွေထဲက တော်တော်များများကို နိုင်ငံသားနဲ့ ပြုနိုင်ငံသားတွေအဖြစ်ကို ပေးခဲ့တယ်။ ကိန်းဂဏန်းအတိအကျဆိုရင် နိုင်ငံသား ၄၀ နဲ့ ပြုနိုင်ငံသား ၁၆၉ ဦး ဖြစ်ပါတယ်။ ဒါကိုမကျေနပ်တဲ့ မြေပုံ မြို့သူမြို့သားတွေဟာ ပြည်နယ်အာဏာပိုင်တွေ မြေပုံမြို့ကို ရောက်လာတဲ့အခါ တစ်မြို့လုံး အိမ်တံခါး ဈေးဆိုင်တံခါးတွေပိတ်ပြီး အသံတိတ် ဆန္ဒပြခဲ့ကြတယ်။

ဒီတော့ သူတို့တွေပြောနေသလို တကယ်ပဲ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေမှာ ယိုပေါက်တွေ ပေါက်နေခြင်း ဟုတ်မဟုတ် အများပြည်သူသိအောင် ဖော်ထုတ်ပြောပြဖို့ လိုအပ်လာပါတယ်။ ပထမဆုံးအချက်အနေနဲ့ ၈၂ ဥပဒေ အာဏာသက်ရောက်မှု မရှိခင် ကာလက နိုင်ငံသားဖြစ်ပြီးသူတွေဟာ နိုင်ငံသား ဖြစ်တယ်ဆိုတဲ့အချက်နဲ့ သက်ဆိုင်တဲ့ ၈၂ ဥပဒေရဲ့ပုဒ်မ ၆ ကို အသေအချာ စေ့စေ့ငုငု အနုလုံပဋိလုံ သုံးသပ်ကြည့်ကြပါမယ်။

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၆ က ဒီလိုဆိုပါတယ်။ 'ဤဥပဒေ အာဏာ တည်သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်သည်။ သို့ရာတွင် ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းလျှင် ယင်းပုဒ်မ အရ အရေးယူခြင်းခံရမည်' လို့ ဖော်ပြထားတယ်။ ပုဒ်မ ၆ ထဲမှာ တစ်ခါတည်း ထည့်သွင်း ဆက်စပ်ဖော်ပြထားတဲ့ ပုဒ်မ ၁၈ ကတော့ဖြင့် မမှန်ကန်တဲ့နည်းလမ်းနဲ့ နိုင်ငံသား ရတာဆိုရင် 'နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခံရမည့် အပြင်' ပြစ်ဒဏ်ကျခံရမယ်လို့ ပြဋ္ဌာန်းထားတဲ့ ပုဒ်မဖြစ်ပါတယ်။ ပုဒ်မ ၁၈ အောက်ဘက်က ပုဒ်မ ၂၀ (က)မှာ နိုင်ငံသားအဖြစ်မှ

ဘယ်လို ရုပ်သိမ်းမလဲဆိုတာကို ဖော်ပြထားတယ်။ 'ပုဒ်မ ၂၀ (က) နိုင်ငံသားအဖြစ်မှ ရုပ်စဲခံရသူ၊ သို့မဟုတ် ရုပ်သိမ်းခံရသူ၏ နိုင်ငံသား လက်မှတ်ကို ပယ်ဖျက်ရမည်'' လို့ ဆိုပါတယ်။

ဒီတော့ ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြောရရင် ၁၉၈၂ ဥပဒေ စတင်အာဏာတည်တဲ့နေ့ (၁၅-၁၀-၁၉၈၂) ရက်နေ့မတိုင်မီ နိုင်ငံသား ဖြစ် 'ပြီး' သူဆိုတာ 'အဲဒီတုန်းက ချွန်ဒေါ် မရန်မာ နိုင်ငံသားလေ ...၊ အဲဒီတုန်းက ချွန်ဒေါ့အမားက နိုင်ငံသား ဖစ်ပီးပီ' စသည်ဖြင့် မိမိပါးစပ်က ပြောတဲ့သူ၊ သူခိုးအချင်းချင်း တစ်ယောက်တစ်လှည့် ထောက်ခံပေးခြင်း ခံရသူတွေကို နိုင်ငံသား ဖြစ်ပြီးသူတွေလို့ ဆိုလိုတာ မဟုတ်ဘူး၊ မြန်မာနိုင်ငံသားလက်မှတ် ရပြီးသူများကိုသာ ဆိုလိုတာဖြစ်ပါတယ်။ ဒါကြောင့် ဒီမှာ ဟိုးကတည်းက ကျွန်တော်တို့ ရောက်နေပြီးသားလေ ဆိုတာမျိုး အချင်းချင်း ထောက်ခံပေးတာ လောက်အားဖြင့် ၈၂ ဥပဒေ မပြဋ္ဌာန်းခင်ကတည်းက နိုင်ငံသားဖြစ်ပြီးသား ဖြစ်တယ်ရယ်လို့ ကောက်ယူ အလုပ် မလုပ်ကြပါနဲ့။ နိုင်ငံသားလက်မှတ် ထုတ်ပေး ခံရပြီးသူဖြစ်ဖို့ လိုအပ်ပါတယ်။ လက်မှတ် ပျောက်သွားပါတယ် ဆိုရင်တောင်မှ နိုင်ငံသားလက်မှတ်ကို မှန်ကန်စွာ ထုတ်ပေးထားတာ ဖြစ်တဲ့အကြောင်း မှတ်တမ်းမှတ်ရာတွေဟာ သက်ဆိုင်ရာ နိုင်ငံသားလက်မှတ် ထုတ်ပေးတဲ့ရုံးမှာ ကျန်နေမှာဖြစ်တယ်။ အဲဒီမှတ်တမ်းကို ရည်ညွှန်းနိုင်ဖို့ အနည်းဆုံး လိုအပ်မယ်။

ဒီတော့ ၈၂ ဥပဒေ ပုဒ်မ-၆ က ဆိုတာက ရှင်းရှင်းလေး ... (၁၅-၁၀-၁၉၈၂) မတိုင်ခင် နိုင်ငံသားလက်မှတ် ရပြီးသားသူဟာ နိုင်ငံသားတွေဖြစ်ကြောင်း ဆိုလိုတယ်။ ပိုပြီးတော့ တိတိကျကျ ပြောရမယ်ဆိုရင် နိုင်ငံသားလက်မှတ် (၁၉၄၈ နိုင်ငံသား ဖြစ်မှုဆိုင်ရာဥပဒေ နှစ်ခုအနက် တစ်ခုခုအရ ထုတ်ပေးတဲ့ နိုင်ငံသားလက်မှတ်) လက်ကိုင်ရှိတဲ့သူကိုမှ နိုင်ငံသားဖြစ်ပြီးသူလို့ သတ်မှတ်တာဖြစ်တယ်။ (အရင် ဥပဒေအဟောင်းဖြစ်တဲ့) ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ ပုဒ်မ ၆(၁) အရ ဒွိဟဖြစ်နိုင်စရာရှိတဲ့ သူကို နိုင်ငံသားပေးတာပဲဖြစ်ဖြစ်၊ ပုဒ်မ ၆(၂)အရ ယတိပြတ် သံသယ ကင်းနိုင်တဲ့သူကို နိုင်ငံသားပေးတာပဲဖြစ်ဖြစ်၊ ပေးအပ်လိုက်တဲ့ နိုင်ငံသားကတ်ပြားတွေမှာ ၆ (၁) ဒါမှမဟုတ် ၆(၂) လို့ ပါရှိပါလိမ့်မယ်။ အဲသလို ရေးမှတ် ပုံနှိပ် ပါရှိတဲ့ နိုင်ငံသားလက်မှတ်တွေကို ကိုင်ဆောင်ထားတဲ့ သူတွေကိုမှသာလျှင် (ယခု တည်ဆဲဥပဒေဖြစ်တဲ့) ၁၉၈၂ နိုင်ငံသား ဥပဒေက အဲဒီလူတွေဟာ နိုင်ငံသားဖြစ် 'ပြီး'သူ တွေဖြစ်တယ်လို့ သတ်မှတ်တာဖြစ်ပါတယ်။ (အခြားတစ်ဖက်မှာ ကျွန်တော်တို့ တိုင်းရင်းသားတွေကျတော့ မွေးရာပါအခွင့်အရေးအရ နိုင်ငံသားဖြစ်ကြသူတွေ (Citizens by Birth) ဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းရင်းသားတွေ၊ မျိုးနွယ်စုတွေဟာ မြန်မာနိုင်ငံသားတွေ ဖြစ်တယ်လို့ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၃ မှာ ပြဋ္ဌာန်းထားပါတယ်။ ဒီတော့ နိုင်ငံသားဖြစ် 'ပြီး' သူ ဆိုတာ မွေးရာပါ အခွင့်အရေးအရ နိုင်ငံသားဖြစ်တဲ့ တိုင်းရင်းသား ဟုတ်ရင်ဟုတ်၊ မဟုတ်ရင် 'နိုင်ငံသား လက်မှတ်' ရပြီးသားသူ ဖြစ်ရမယ်။

**ဆက်လက်ဖော်ပြပါမည်။**

==========

**နိုင်ငံ၊ လူမျိုးနှင့် အချုပ်အခြာအာဏာကို စောင့်ရှောက်သော ဥပဒေ (အပိုင်း ၂)**

၁၉၈၂-ခုနှစ် နိုင်ငံသားဥပဒေမှာ လွတ်ပေါက် (Loophole) တွေ ရှိနေသလားလို့ အမေးရှိလာခဲ့ရင် (၁၉၄၈ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့) အရင်ဥပဒေအဟောင်းမှာ လွတ်ပေါက်တွေ ပါနေတဲ့အတွက် တတ်နိုင်သမျှ မပါအောင် ၁၉၇၇ လောက်ကစလို့ လူထုလူတန်းစား အလွှာအသီးသီးရဲ့ အကြံပြုချက်တွေနဲ့ ပညာရှင်တွေနဲ့ ကျကျနန ပိတ်ပိတ်သိပ်သိပ် အနုလုံပဋိလုံ ဆင်ခြင်သုံးသပ် ရေးဆွဲခဲ့တာမို့လို့ လွတ်ပေါက်တွေ နည်းနိုင်သမျှ နည်းအောင် ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့တဲ့ ဥပဒေတစ်ခု ဖြစ်ပါတယ်လို့ ဖြေရပါလိမ့်မယ်။ လွတ်ပေါက်ဖန်တီးသူများဟာ မတရား လိမ်လည်လှည့်ဖြားပြီး ယခင်ဥပဒေဟောင်း "၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ" အားဖြင့် ယခုကာလမှာ ပြုနိုင်ငံသားတို့ နိုင်ငံသားတို့ ပေးလို့ရတယ်ဆိုပြီး တရားမဲ့ လုပ်ကြတဲ့အတွက် မရထိုက်သူတွေကို နိုင်ငံသားအရေအတွက်များစွာ (ဥပမာ တမြန်နှစ်က မြေပုံမှာ) ပေးနိုင်ခဲ့ကြခြင်း ဖြစ်ပါတယ်။

၈၂ ဥပဒေဖြစ်လာမယ့် ဥပဒေကြမ်းကို စတင်ရေးဆွဲကြစဉ်က အဲဒီတုန်းက နိုင်ငံတော်သမ္မတဖြစ်သူက ဒီလို မှတ်ချက်ပေးခဲ့တယ်။ "ယခုရေးဆွဲမည့် ဥပဒေသည် တိုင်းပြည်၏ သေရေးရှင်ရေးတမျှ အရေးကြီးကြောင်း၊ တိုင်းပြည် တည်နေသရွေ့ကာလပတ်လုံး အခွန့်ရှည်မည့် ဥပဒေဖြစ်သဖြင့် ရေးဆွဲရာတွင် ပြည့်စုံပိုင်နိုင်ခြင်း မရှိပါက တိုင်းပြည်တွင် အန္တရာယ်ဖြစ်နိုင်ကြောင်း" စသည်ဖြင့် သူက အလေးအနက်ပြောကြား အကြံပေးခဲ့တဲ့ ဥပဒေဖြစ်ပါတယ်။

(၃)

■ **လဝကရဲ့ တာဝန်ယူ တာဝန်ခံမှုမရှိတဲ့ လက်စွဲစာစောင်**

ပြီးခဲ့တဲ့ မြေပုံစိစစ်မှု မတိုင်ခင်မှာ လူဝင်မှုကြီးကြပ်ရေးဌာနအတွင်းမှာ ဘင်္ဂါလီတွေကို နိုင်ငံသား ဟုတ် မဟုတ် စိစစ်တဲ့နေရာမှာ သုံးစွဲဖို့ ရည်ရွယ်တဲ့ လမ်းညွှန်လက်စွဲစာစောင် တစ်ခုကို ရိုက်နှိပ်ပြီး နိုင်ငံသားစိစစ်ရေးကို ကြီးကြပ်လုပ်ဆောင်မယ့် ကော်မီတီဝင်တွေထံ ဖြန့်ချိခဲ့တယ်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်စွဲပါ အဲဒီစာစောင်ရဲ့အဖုံးမှာ "မြန်မာနိုင်ငံသားဖြစ်ခြင်း၊ ဧည့်နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်းဆိုင်ရာ သိသင့် သိထိုက်သော ဥပဒေပုဒ်မများ"လို့ နာမည်တပ်ထားပါတယ်။ ဒါပေမဲ့ စာမျက်နှာ ၁၀ မျက်နှာပါ အဲဒီစာစောင်ငယ်မှာ ဘယ်သူတစ်ဦး တစ်ယောက်ကမျှ လက်မှတ်ထိုးထားတာ မပါဘူး။ ကန့်သတ်လို့ပဲ မျက်နှာဖုံးစာရွက်ရဲ့ ထိပ်ဘက်မှာ ရိုက်နှိပ်ထားတယ်။ ဘင်္ဂါလီတွေကို စိစစ်ရာမှာ ဒီအတိုင်းစိစစ်ရမယ်လို့ ညွှန်ကြားချက်။ လက်စွဲစာစောင် သဘောမျိုး လိုလိုအနေနဲ့ ဘင်္ဂါလီတွေကို စိစစ်ရာမှာ ပါဝင်ရမယ့် မြန်မာနိုင်ငံသားစိစစ်ရေးကော်မတီဝင်တွေကို ဖြန့်ဝေပေးထားခဲ့တယ်။

အဲဒီလက်စွဲ စာစောင်ငယ်မှာ အဓိက လိမ်လည်ချက် နှစ်ရပ်ပါရှိတယ်။

(က) ပထမအချက်

အဲဒီ လက်စွဲစာစောင်ရဲ့နံပါတ်တစ် ပင်မလိမ်လည်ချက်က ဘာလဲဆိုတော့ ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုခြင်း ဥပဒေအရ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေက ပယ်ဖျက်ထားတဲ့ နိုင်ငံသားဖြစ်မှု ဥပဒေ (ဟောင်း) နှစ်ခုဟာ အသက်ဝင်နေဆဲ ဖြစ်တယ် ပြန်သုံးလို့ရတယ် ဆိုပြီးသကာလ ဘင်္ဂါလီတွေကို နိုင်ငံသားပေးနိုင်မယ့် အပေါက်တွေကို လိမ်ဖောက်ထားတာ ဖြစ်ပါတယ်။

၈၂ ဥပဒေအားဖြင့် ပယ်ဖျက်ထားတာကို ပြန်သုံးလို့ ရပါတယ်ဆိုပြီး သုံးဖို့ညွှန်းတဲ့ ဥပဒေနှစ်ခုကတော့ –

(၁) ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး) အက်ဥပဒေနဲ့

(၂) ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေတို့ ဖြစ်ပါတယ်။ အဲဒီအထဲက ဒုတိယဥပဒေကို ပြန်သုံးပြီးတော့ ဘင်္ဂါလီတွေကို နိုင်ငံသားတို့ ဖြစ်ခွင့်ပေးနိုင်ဖို့ သူတို့ စီစဉ်ကြတာဖြစ်ပါတယ်။

တကယ်တော့ ဒီလုပ်ဆောင်ချက်ဟာ တရားမဝင်ပါဘူး။ ပယ်ဖျက်ထားတဲ့ ဥပဒေ နှစ်ခုကို သုံးလိုက သုံးဖို့ရာဆိုပြီးတော့ နောက်ပိုင်းကျတဲ့ ဥပဒေဖြစ်တဲ့ ၁၉၈၂ နိုင်ငံသားဥပဒေက ခွင့်မပေးထားပါဘူး။ (နောက်မှ ပြဋ္ဌာန်းတဲ့ ဥပဒေက ရှေ့ကဥပဒေကို လွှမ်းမိုးပါတယ်။ ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုချက် ဥပဒေပုဒ်မ ၃ (ဆ) “ရှေ့ကျသော ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်နှင့် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်တို့ ကွဲလွဲဆန့်ကျင်နေပါက နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်သည် အတည်ဖြစ်စေရမည်” လို့ ပြဋ္ဌာန်းထားတယ်။ Lex Posterior Derogat Legi Priori ဆိုတဲ့ ဥပဒေ သဘောတရားကိုယ်အတိုင်း ဖြစ်ပါတယ်။) ဥပမာ ၁၉၄၈ ဥပဒေမှာ နိုင်ငံသားနဲ့ နိုင်ငံသားပြုခွင့်ရသူလို့ပဲ ရှိပေမယ့် နောက်ကျတဲ့ ၁၉၈၂ ဥပဒေမှာ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနဲ့ ဧည့်နိုင်ငံသားလို့ သုံးမျိုး ပြဋ္ဌာန်းထားတယ်။ ဧည့်နိုင်ငံသားတစ်မျိုး ပိုလာတယ်။ ယခင်က နိုင်ငံသား (Citizen by Law) လျှောက်ထားခဲ့သူတွေကို နှောင်းဥပဒေက အာဏာစက် ရောက်လာပြီဆိုတာနဲ့ ဧည့်နိုင်ငံသားရယ်လို့သာ သတ်မှတ်ပေးလိုက်တော့တယ် ဆိုတာဟာ နောက်ပိုင်းကျတဲ့ ၁၉၈၂ ဥပဒေက ရှေ့ပိုင်းကျတဲ့ ၁၉၄၈ ဥပဒေကို လွှမ်းမိုးနိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

နောက်တစ်ချက်က ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေဟာ သက်ဆိုင်ရာနယ်ပယ်တစ်ခုခုကို အထူးပြုတဲ့ အထူးဥပဒေဖြစ်တယ်။ တစ်ဖက်မှာ ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုချက် ဥပဒေကကျတော့ နယ်ပယ်အားလုံးအတွက် ယေဘုယျသဘောကို ညွှန်းတဲ့ ယေဘုယျဥပဒေ ဖြစ်ပါတယ်။ ယေဘုယျဥပဒေကို အထူးဥပဒေက လွှမ်းမိုးပါတယ်။ Lex Specialis Derogat Legi Generali ဆိုတဲ့ ဥပဒေသဘောတရားကိုယ်အတိုင်း ဖြစ်ပါတယ်။ ဥပမာဆိုရရင် ၁၉၇၃ စကားရပ်ဥပဒေမှာ သားသမီးနဲ့ မွေးစားသားသမီးတွေဟာ အတူတူပဲဖြစ်တယ်လို့

ပြဋ္ဌာန်းထားတယ်။ ဒါပေမဲ့ နိုင်ငံသားပြုခွင့်ရသူတွေက သားသမီးတွေ မွေးစားတယ်ဆိုပြီး နိုင်ငံသားဖြစ် နိုင်သူတွေ ဖောင်းပွဖန်တီးမှာ စိုးတဲ့အတွက် ၁၉၈၂ နိုင်ငံသားဥပဒေက သားသမီးအရင်းနဲ့ မွေးစားသမီးတွေဟာ အတူတူ မဟုတ်ဘူးလို့ ပြဋ္ဌာန်းထားတယ်။ ယေဘုယျဥပဒေကို သက်ဆိုင်ရာ အထူးနယ်ပယ်မှာ အထူးဥပဒေက လွှမ်းမိုးတဲ့အတွက် နိုင်ငံသားဖြစ်မှုဆိုင်ရာ နယ်ပယ်မှာ ၁၉၈၂ နိုင်ငံသားဥပဒေက ပြဋ္ဌာန်းထားချက်ဖြစ်တဲ့ မွေးစားသားသမီးနဲ့ သားသမီးအရင်းနဲ့ အတူတူမဟုတ်ဘူး (ဝါ၊ မွေးစားသားသမီးများဟာ သားသမီးအရင်းအတိုင်း အခွင့်အရေးမရဘူး) ဆိုတဲ့အချက်ကိုပဲ အတည်ယူရပါတယ်။ လိုရင်းချုပ်ရရင် ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေက ၁၉၇၃ ခုနှစ် စကားရပ်များ အဓိပ္ပာယ်ဖွင့်ဆိုချက် ဥပဒေကို လွှမ်းမိုးပါတယ်။

ဒါ့ပြင် နောက်ထပ်တစ်ချက် ရှိသေးတယ်။ ဥပဒေအဟောင်း တစ်ခုကို ဥပဒေအသစ် တစ်ခုနဲ့ ပယ်ဖျက်လိုက်တဲ့အခါ ဖျက်လိုက်တဲ့ ဥပဒေအဟောင်းထဲက တချို့အပိုင်းတွေကို သုံးလိုက သုံးနိုင်တယ်လို့ ဥပဒေအသစ်မှာ တစ်ခါတည်း ထည့်သွင်း ပြဋ္ဌာန်းပေးလိုက်တာမျိုး ရှိတတ်လေ့ရှိပါတယ်။ ရံဖန်ရံခါပေါ့ ...။ အဲသလို ပြဋ္ဌာန်းထားရင် ဥပဒေအဟောင်း (က ခွင့်ပြုရာအပိုင်းတွေ) ကို သုံးလိုက သုံးနိုင်ပါတယ်။ ဥပမာအားဖြင့် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ (အဟောင်း) ကို ၂၀၁၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ (အသစ်) နဲ့ အစားထိုးလိုက်တဲ့အခါ ပြဋ္ဌာန်းချက်တစ်ခုက ဘယ်လိုပါလာသလဲဆိုတော့ ရှိရင်းစွဲ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာ၊ လက်စွဲတွေဟာ ယခုဥပဒေနဲ့သော် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့သော် လည်းကောင်း မဆန့်ကျင်သရွေ့ ဆက်လက် အသုံးပြုနိုင်တယ်လို့ ပြဋ္ဌာန်းတဲ့အတွက် ၂၀၀၀ တရားစီရင်ရေးဥပဒေ (အဟောင်း)ရဲ့ တချို့ကဏ္ဍတွေကို အခုထက်ထိ သုံးစွဲနေတုန်းပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေမှာကျတော့ အရင်ဥပဒေဟောင်းနှစ်ခုကို ပယ်ဖျက်တယ်လို့ပြောပြီး အဲသည်ဥပဒေတွေထဲက တချို့အပိုင်းတွေကို သုံးလိုက သုံးနိုင်ကြောင်း ဖော်ပြထားခြင်း မရှိတာဟာ အရင်ဥပဒေတွေကို လုံးဝမသုံးနဲ့တော့လို့ ဆိုလိုတဲ့သဘော ဖြစ်ပါတယ်။

ဒါကြောင့် ပယ်ဖျက်ပြီးသား နိုင်ငံသားဖြစ်မှု ဥပဒေနှစ်ခုစလုံးနဲ့ ၁၉၇၃ စကားရပ်များ အဓိပ္ပာယ်ဖွင့်ဆိုမှု ဥပဒေတို့ကို ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေက လွှမ်းမိုးပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံသားစိစစ်မှု လုပ်ငန်းတွေကို ၁၉၈၂ နိုင်ငံသားဥပဒေအတိုင်းသာ မတိမ်းမစောင်း ကြပ်ကြပ်မတ်မတ် စိစစ်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

နိုင်ငံသားဖြစ်မှု ဥပဒေအဟောင်းကို ဖျက်သိမ်းပြီး အသစ်ရေးဆွဲကြတော့မယ် လုပ်တော့ ဟိုစဥ်က လူကြီးတွေက စိုးရိမ်ကြောင့်ကြမှုကို ဖော်ပြတဲ့စကား ရှိပါတယ်။ "ဥပဒေအဟောင်းတွင် ဘိုးဘွားလေးဦးအနက် တစ်ဦးဦးသည် တိုင်းရင်းသားဖြစ်ပြီး မြန်မာပြည်မှာမွေးလျှင် မြေးဖြစ်သူသည် တိုင်းရင်းသားအဖြစ်ကို အလိုအလျောက် ရသည်ဟု ဖော်ပြထားကြောင်း၊ ရှေးယခင်က အခြေအနေအရ ဥပဒေအဟောင်းတွင် ယင်းသို့ ဖော်ပြထားခြင်းကို တစ်မျိုးစဥ်းစားရ (တော့) မည်ဖြစ်ကြောင်း၊ ... ဘိုးဘွားလေးဦးတွင် တစ်ဦးတိုင်းရင်းသား ဖြစ်သော်လည်း ... ကျန်သုံးဦးမှာ နိုင်ငံခြားသားများ ဖြစ်နေသည့်အတွက် ဒီမိုကရေစီခေတ်ကြီးတွင် လေးယောက် တစ်ယောက် ဖြစ်နေသည့်အတွက် မဲနှင့်ရွေးလျှင် မြေးဖြစ်သူသည် မိမိတို့လူမျိုး မဖြစ်နိုင်ကြောင်း ..." စသည်ဖြင့် အဲဒီတုန်းက

နိုင်ငံတော်သမ္မတဖြစ်သူက ပြောကြားခဲ့ဖူးတယ်။ ဒီလိုမျိုး ဥပဒေအဟောင်းမှာ ပေါက်နေတဲ့ အပေါက်တွေကို ပြန်ဖာပြီး နိုင်ငံသားဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းခဲ့ကြတယ်။

(ခ) ဒုတိယအချက်

၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေရဲ့ပုဒ်မ ၇ မှာ ဒီလို ပြဋ္ဌာန်းထားပါတယ်။ "နိုင်ငံတော်အတွင်း၌ ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ ဖြစ်စေ မွေးဖွားသည့် အောက်ပါသူတို့သည်လည်း နိုင်ငံသားဖြစ်သည်"လို့ ပြဋ္ဌာန်းထားတယ်။

ဒီလို ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထားပါ လျက်သားနဲ့ အခုပြောနေတဲ့ လုပ်ကြံလက်စွဲ စာစောင်မှာ "ဤဥပဒေ တည်သည့် (၁၅-၁၀-၁၉၈၂) နေ့နောက်ပိုင်း မွေးဖွားသူများ။ နိုင်ငံတော်အတွင်း၌ ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ ဖြစ်စေ မွေးဖွားသည့် အောက်ပါသူတို့သည်လည်း နိုင်ငံသား ဖြစ်သည်"ဆိုပြီးတော့ အဲဒီနေ့ နောက်ပိုင်း မွေးဖွားသူတွေသာလျှင် ဥပဒေ ဖော်ပြပါအတိုင်း စဉ်းစားရမယ်လို့ လုပ်ကြံခဲ့ထုတ် တင်ပြထားတယ်၊ သူတို့အပေါ်ကိုသာလျှင် ၈၂ ဥပဒေအနေနဲ့ သက်ရောက်မှု ရှိမယ်ဆိုပြီး လုပ်ကြံခဲ့ထုတ် ရေးသားထားတယ်။

အမှန်ကတော့ အဲဒီနေ့ရက် ရှေ့ပိုင်းမှာ မွေးဖွားသူတွေပင် ဖြစ်စေကာမူ (နိုင်ငံသားလက်မှတ် ရထားပြီးသူတွေ မဟုတ်ရင်) ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအတိုင်း တိတိကျကျ ကြပ်ကြပ်မတ်မတ် ထည့်သွင်း စဉ်းစားကြရမယ့်သူတွေ ဖြစ်ပါတယ်။

ဒီအကြောင်းတွေကို ဒီလိုရေးသား တင်ပြနေရတာဟာ ရခိုင်အပါအဝင် မြန်မာနိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအကြောင်းကို အရင်ကထက် ပိုမို အကျွမ်းတဝင် ရှိလာပြီးတော့ မဟုတ်ကဟုတ်က ဒီလိုမျိုး လိမ်ဆင်အပေါက်တွေနဲ့ ဥပဒေကို အပေါက်ဖောက်ပြီး တိုင်းပြည်ကို ရောင်းစားကြခြင်းမှ ဝိုင်းဝန်း ကာကွယ်နိုင်အောင်လို့ ရည်ရွယ်ရေးသားတာ ဖြစ်ပါတယ်။

၈၂ ဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ဆောင်ရွက်နိုင်ဖို့အတွက် အစိုးရအဖွဲ့ဟာ လိုအပ်တဲ့ လုပ်ထုံးလုပ်နည်းတွေကို နိုင်ငံတော်ကောင်စီရဲ့ သဘောတူညီချက်နဲ့ ထုတ်ပြန်ရမယ်လို့ ဒီ ၈၂ ဥပဒေရဲ့ပုဒ်မ ၇၅ မှာ ပြဋ္ဌာန်းထားတယ်။ ဥပဒေနဲ့မညီဘဲ နိုင်ငံသားကတ်ပြားတွေ ထုတ်ပေးစေခြင်းဟာ ၈၂ ဥပဒေရဲ့ပုဒ်မ ၁၉ နဲ့ ငြိစွန်းတဲ့အတွက် ထောင်ဒဏ် ခုနစ်နှစ်နဲ့ ငွေကျပ် တစ်သောင်း ကျခံစေနိုင်ကြောင်း ပြဋ္ဌာန်းထားတဲ့ ပြစ်မှုမြောက်ပါတယ်။ ဒီဖြစ်စဉ်မှာ ဒီလိုမျိုး လုပ်ကြံလက်စွဲ စာစောင်တွေကို ကိုင်တွယ်သုံးစွဲဖို့ ဘယ်အရာရှိက ညွှန်ကြားသလဲဆိုတာကို လိုက်ရှာပြီးတော့ တာဝန်ရှိသူတွေကိုတောင် ဥပဒေနဲ့အညီ အရေးယူ အပြစ်ပေးသင့်လှပါတယ်။

(ဂ) ပုဒ်မ ၂၃ ရဲ့အရေးပါမှု

၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေ ပုဒ်မ ၂၃ မှာ ဒီလို ပြဋ္ဌာန်းထားပါတယ်။ "၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ နိုင်ငံသားဖြစ်ရန် လျှောက်ထားသူများသည် သတ်မှတ်ချက်များနှင့် အရည်အချင်းများနှင့် ကိုက်ညီပါက ဧည့်နိုင်ငံသားအဖြစ် ဗဟိုအဖွဲ့က သတ်မှတ်နိုင်သည်"

သတိ။ ။ ဧည့်နိုင်ငံသား လျှောက်လို့ရတာ မဟုတ်ဘူးနော်၊ နိုင်ငံသားလျှောက်တာကို ဧည့်နိုင်ငံသားအဖြစ် "သတ်မှတ်" လိုက်တာ။

အဲဒီ ပုဒ်မ ၂၃ ဟာ ၈၂ နိုင်ငံသားဥပဒေမှာ အင်မတန်မှ အရေးပါတဲ့ပုဒ်မ ဖြစ်ပါတယ်။ အဲဒီပုဒ်မကို အနုလုံပဋိလုံ ဆင်ခြင်တဲ့အခါ အဲဒီပုဒ်မက အရေးကြီးတဲ့ လုပ်ရပ်နှစ်ခုကို လုပ်ကြောင်းတွေ့ရပါလိမ့်မယ်။

နံပါတ်တစ်လုပ်ရပ် – ယခု ၈၂ ဥပဒေအာဏာ မသက်ရောက်မီ ကာလကပင် လျှောက်ထားခဲ့သော်လည်း (လျှောက်ထားမှုအား စိစစ်မှုလုပ်ငန်းစဉ်) မပြီးမပြတ်သေးတဲ့ လျှောက်ထားသူတွေဟာ တကယ့်တကယ်ကို "နိုင်ငံသား" ဖြစ်နိုင်တဲ့ အရည်အချင်း ရှိပင်ရှိငြားသော်လည်း နိုင်ငံသားဆိုတာကို မပေးတော့ဘဲ ဧည့်နိုင်ငံသားဆိုတာကိုပဲ သတ်မှတ်ချင်က သတ်မှတ်နိုင်တယ် ဆိုတာကို ပြဋ္ဌာန်းတဲ့လုပ်ရပ်ကို လုပ်ပါတယ်။

နံပါတ်နှစ် လုပ်ရပ်၊ ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု ဥပဒေ (ဥပဒေအဟောင်း) ကို သုံးပြီး နိုင်ငံသားအဖြစ် ရရှိခွင့် လျှောက်ထားမှုတွေကို ဒီမှာ ရပ်တန်းက ရပ်ကြတော့ဆိုပြီး ဇာတ်လမ်း ဖြတ်ချလိုက်တဲ့ လုပ်ရပ်ကို လုပ်ပါတယ်။ တိုးလိုးတန်းလန်း ဖြစ်နေတဲ့ လျှောက်ထားမှုတွေကိုတောင် ဒီလောက်ပဲ ယူတော့ကွာဆိုပြီး ဖြတ်ချလိုက်တာဟာ ရှေ့က မပြတ်နိုင်သေးတဲ့ ဇယားဟောင်းတွေကို လာလှန်မနေတော့လို့ သက်ရောက်အဓိပ္ပာယ် ပေးတာဖြစ်ပါတယ်။ ဥပဒေအဟောင်းကို လှည့်ကြည့်နေစရာ မလိုတော့ဘူးလို့ ပြောတာဖြစ်ပါတယ်။

ဒရောသောပါးနဲ့ ဟောဗျာ ဟောဗျာ ကျွန်တော်တို့တော့ လျှောက်ထားဖို့ ကျန်သေးတယ်ဗျလို့ ဆိုရင် နောက်ပိုင်းမှာလာတဲ့ ပုဒ်မ ၄၂ မှာ ပြောထားတယ်။ ၄၈ ဥပဒေအရ လျှောက်ဖို့ ကျန်ခဲ့တယ်ဆိုတာကို "ခိုင်လုံသော အထောက်အထားများ" ပြပါတဲ့။ ပြနိုင်ရင်တော့ ပြုနိုင်ငံသားတော့ ရချင်ရမယ်တဲ့။ နိုင်ငံသားတော့ မရတော့ဘူးတဲ့။

၈၂ ဥပဒေ ပုဒ်မ ၂၃ ရဲ့နံပါတ်နှစ် လုပ်ရပ်အားဖြင့် ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၁၄ (ခ) အနေနဲ့ မိမိကိုလာပြီး လွှမ်းမိုးမနေနဲ့၊ မိမိဟာ သင်းကလာပြီး လွှမ်းမိုးလို့မရတဲ့ အထူးဥပဒေတစ်ရပ် ဖြစ်တယ်ဆိုတာကို ပြလိုက်တာဖြစ်ပါတယ်။

၈၂ ဥပဒေကို လိမ်ဆင်ပေါက် ဖောက်သူများ သုံးစွဲလေ့ရှိတဲ့ ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၁၄(ခ) က ဒီလိုဆိုပါတယ်။ "ရုပ်သိမ်းခံရသော ဥပဒေပြဋ္ဌာန်းချက်အရ ရရှိခဲ့သည့် ရရှိပိုင်ခွင့် သို့မဟုတ်

အခွင့်အရေးကို လည်းကောင်း၊ ဆောင်ရွက်ခဲ့ရသည့် တာဝန်နှင့် ကြွေးမြီတို့ကို လည်းကောင်း မထိခိုက်စေရ” လို့ ဆိုပါတယ်။ အဲဒီစကားကို လိမ်ဆင်အပေါက်ဖောက်သူတွေက ကိုးကားပါတယ်။

ဒီ ၇၃ စကားရပ် ဥပဒေပုဒ်မ ၁၄(ခ)က လွှမ်းမိုးတဲ့ ဥပဒေအဟောင်း၊ အသစ် အတွဲတွေရှိပါတယ်။ ဥပမာအားဖြင့် ၁၉၄၇ သွင်းကုန်/ထုတ်ကုန်ဥပဒေ (အဟောင်း) နဲ့ ၂၀၁၂ ခု စက်တင်ဘာ ၇ ရက်နေ့ပြဋ္ဌာန်းတဲ့ ပို့ကုန် သွင်းကုန် ဥပဒေ (အသစ်) တို့ ဖြစ်ကြပါတယ်။ ဆိုင်ကယ် Without စီးရင် အရင် ဥပဒေအဟောင်းအရ ထောင်ဒဏ် ခုနစ်နှစ် အမြင့်ဆုံး ချမှတ်နိုင်ပြီး ဥပဒေအသစ်အရ အမြင့်ဆုံး ထောင်ဒဏ် သုံးနှစ် ချမှတ်နိုင်တယ်။ ဆိုပါတော့ ... ဆိုင်ကယ် Without စီးသူတစ်ဦးဟာ ဥပဒေအဟောင်းကို ရုပ်သိမ်းခါနီး စက်တင်ဘာလ ၁ ရက်နေ့မှာ အဖမ်းခံရတယ်။ အမှုကို တည်ဆောက်ရင်း ရုံးတင်တာ ဘာညာနဲ့ ဥပဒေအသစ်ကို ပြဋ္ဌာန်းပြီးတဲ့ စက်တင်ဘာလ ၇ ရက်နေ့ နောက်ပိုင်းကျမှ သူ့ကို တရားစွဲဆို စီရင်ချက်ချတာကို လုပ်နိုင်တယ်။ ဒါပေမဲ့ သူ့ဟာ ဥပဒေအဟောင်း တည်ဆဲကာလမှာ ဥပဒေကို ဖောက်ဖျက်ကျူးလွန်တာဖြစ်လို့ ဥပဒေအဟောင်းနဲ့ပဲ စီရင်ရမှာ ဖြစ်ပြီး အမြင့်ဆုံး ထောင်ဒဏ် ခုနစ်နှစ်ဆိုတဲ့ ပြဋ္ဌာန်းချက် အဟောင်းနဲ့သာ စီရင်ရမှာဖြစ်ပါတယ်။ စီရင်ချက်ချချိန် လက်ရှိ တည်ဆဲဥပဒေက သူ့အမှုအပေါ်မှာ မသက်ရောက်နိုင်ပါဘူး။

ဒါပေမဲ့ နိုင်ငံသားဥပဒေတွေ ၄၈ အဟောင်းနဲ့ ၈၂ အသစ်တို့ရဲ့ကြားမှာက အဲသလို မဟုတ်ဘူး။ ပုဒ်မ-၂၃ ရှိတယ်။

ရုပ်သိမ်းခြင်းပြုသော ဥပဒေ (ဒီနေရာ မှာ ၈၂ ဥပဒေ) မှာ တစ်နည်းတစ်ဖုံ ဖော်ပြထား (ပုဒ်မ ၂၃ အားဖြင့် အရင်လျှောက်ထားပြီးသား သူတွေကို “ဧည့်နိုင်ငံသား” ကိုပဲ ပေးတော့မယ်လို့ ဖော်ပြထား) တဲ့အတွက် ရှေးကကိစ္စတွေ ဒီနေရာမှာ ဇာတ်လမ်း ပြတ်ပါတယ်။ “ယင်းသို့ ဖော်ပြထားသည့်အတိုင်းသာ ဖြစ်ရမည်” လို့ ဆိုထားတာကိုး။ အဲဒီတုန်းက တိုးလိုးတန်းလန်း ကျန်ခဲ့သူတွေကိုတောင် “ဧည့်နိုင်ငံသား” ပဲပေးတာ၊ ယခုအချိန် ၃၄နှစ် ကြာပြီးတဲ့အခါမှ “ဧည့်နိုင်ငံသား” ထက်မြင့်တဲ့ အပြည့်အဝ “နိုင်ငံသား” အဖြစ်ကို ပေးလို့ရတယ်လို့ ပြောနေတာဟာ လီဆယ်လုပ်ကြံလို့ ပြောနေတာ ဖြစ်ပါတယ်။

၁၉၇၃ စကားရပ် ဥပဒေဟာ ၈၂ ဥပဒေ ပြဋ္ဌာန်းတဲ့ ၁၉၈၂ ခုနှစ်မှာကတည်းက ပြဋ္ဌာန်းပြီးသား ဖြစ်နေပြီးဖြစ်ပါတယ်။ အဲဒီလို ပြဋ္ဌာန်းပြီးသား ယေဘုယျ ဥပဒေတစ်ရပ်ရဲ့ပြဋ္ဌာန်းချက်က မိမိဥပဒေကို လာရောက်လွှမ်းမိုးလို့ မရအောင် ရှေ့က တိုးလိုးတန်းလန်းတွေကို ဒီလိုအပြတ်ဖြတ်ချရန် ရည်ရွယ်ပြီး ပုဒ်မ ၂၃ ကို ထည့်သွင်းပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။

(ဃ) ကြည့်ပြာရောင်/အစိမ်းရောင် ကတ်ပြား

အခုတလော ဘင်္ဂါလီတွေကို ထုတ်ပေးနေတဲ့ အစိမ်းရောင်ကတ်ပြားရဲ့ တရားဝင်မှု မဝင်မှု၊ အကျိုးအပြစ် သက်ရောက်မှုတွေကို အလေးအနက် လေ့လာကြဖို့လိုပါတယ်။ “နိုင်ငံသား စိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား” (Identity Card for National Verification) လို့ ကတ်ပြားအမည်ကို ရေးထိုးထားတဲ့အပြင် ဤသက်သေခံကတ်ပြား

ကိုင်ဆောင်ခြင်းဖြင့် နိုင်ငံသားဖြစ်ကြောင်း သက်သေခံပစ္စည်း မဖြစ်စေရဆိုတဲ့သဘော ပုံနှိပ်ရေးသားထားတာကိုလည်း တွေ့ရတယ်။

နှိုင်းယှဥ် စဥ်းစားစရာတစ်ချက်က အခု နိုင်ငံသားဖြစ်သူ ကျွန်တော်တို့ ကိုင်ထားကြတဲ့ ID ကတ်တွေဟာလည်း နိုင်ငံသားစိစစ်ရေး ကတ်ပြားတွေသာလျှင် ဖြစ်ကြတယ်။ နိုင်ငံသားကတ်ပြားတွေ မဟုတ်ကြဘူး။ (နိုင်ငံ သား ဟုတ် မဟုတ် မစိစစ်ရသေးတဲ့) ဘင်္ဂါလီတွေကို လွယ်လင့်တကူ ထုတ်ပေးထားတဲ့ ဒီ အစိမ်းရောင် ကတ်ပြားတွေရဲ့ တရားဝင်မှု အဆင့်အတန်းဟာ နိုင်ငံသားဖြစ်သူတွေ ကိုင်ဆောင်တဲ့ ကတ်ပြားတွေရဲ့ တရားဝင်မှုအဆင့်အတန်းနဲ့ တူညီနေခဲ့သည်ရှိသော် ... ဒါဟာ ဥပဒေက အပ်နှင်းထားတဲ့ အခွင့်အာဏာကို ကျော်လွန်သုံးစွဲ လုပ်ကိုင်ခြင်းဖြစ်ပါတယ်။ ဒီကိစ္စကို အသေအချာသုံးသပ်ဖို့ လိုအပ်ပါတယ်။

■ ဆက်လက်ဖော်ပြပါမည်။

Writer: ကျော်ဇောဦး

Daily Eleven သတင်းစာ
၂၀၁၅၆-ခုနှစ်၊ ဇွန်လ (၂၅) ရက်၊ (စနေနေ့)

**နိုင်ငံ၊ လူမျိုးနှင့် အချုပ်အခြာအာဏာကို စောင့်ရှောက်သော ဥပဒေ (အပိုင်း ၂)**

၁၉၈၂-ခုနှစ် နိုင်ငံသားဥပဒေမှာ လွတ်ပေါက် (Loophole) တွေ ရှိနေသလားလို့ အမေးရှိလာခဲ့ရင် (၁၉၄၈ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့) အရင်ဥပဒေအဟောင်းမှာ လွတ်ပေါက်တွေ ပါနေတဲ့အတွက် တတ်နိုင်သမျှ မပါအောင် ၁၉၇၇ လောက်ကစလို့ လူထုလူတန်းစား အလွှာအသီးသီးရဲ့ အကြံပြုချက်တွေနဲ့ ပညာရှင်တွေနဲ့ ကျကျနန ပိတ်ပိတ်သိပ်သိပ် အနုလုံပဋိလုံ ဆင်ခြင်သုံးသပ် ရေးဆွဲခဲ့တာမို့လို့ လွတ်ပေါက်တွေ နည်းနိုင်သမျှ နည်းအောင် ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့တဲ့ ဥပဒေတစ်ခု ဖြစ်ပါတယ်လို့ ဖြေရပါလိမ့်မယ်။ လွတ်ပေါက်ဖန်တီးသူများဟာ မတရား လိမ်လည်လှည့်ဖြားပြီး ယခင်ဥပဒေဟောင်း "၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ" အားဖြင့် ယခုကာလမှာ ပြုနိုင်ငံသားတို့ နိုင်ငံသားတို့ ပေးလို့ရတယ်ဆိုပြီး တရားမဲ့ လုပ်ကြတဲ့အတွက် မရထိုက်သူတွေကို နိုင်ငံသားအရေအတွက်များစွာ (ဥပမာ တမြန်နှစ်က မြေပုံမှာ) ပေးနိုင်ခဲ့ကြခြင်း ဖြစ်ပါတယ်။

၈၂ ဥပဒေဖြစ်လာမယ့် ဥပဒေကြမ်းကို စတင်ရေးဆွဲကြစဉ်က အဲဒီတုန်းက နိုင်ငံတော်သမ္မတဖြစ်သူက ဒီလို မှတ်ချက်ပေးခဲ့တယ်။ "ယခုရေးဆွဲမည့် ဥပဒေသည် တိုင်းပြည်၏ သေရေးရှင်ရေးတမျှ အရေးကြီးကြောင်း၊ တိုင်းပြည် တည်နေသရွေ့ကာလပတ်လုံး အခွန့်ရှည်မည့် ဥပဒေဖြစ်သဖြင့် ရေးဆွဲရာတွင် ပြည့်စုံပိုင်နိုင်ခြင်း မရှိပါက တိုင်းပြည်တွင် အန္တရာယ်ဖြစ်နိုင်ကြောင်း" စသည်ဖြင့် သူက အလေးအနက်ပြောကြား အကြံပေးခဲ့တဲ့ ဥပဒေဖြစ်ပါတယ်။

(၃)

■ လဝကရဲ့ တာဝန်ယူ တာဝန်ခံမှုမရှိတဲ့ လက်စွဲစာစောင်

ပြီးခဲ့တဲ့ မြေပုံစိစစ်မှု မတိုင်ခင်မှာ လူဝင်မှုကြီးကြပ်ရေးဌာနအတွင်းမှာ ဘင်္ဂါလီတွေကို နိုင်ငံသား ဟုတ် မဟုတ် စိစစ်တဲ့နေရာမှာ သုံးစွဲဖို့ ရည်ရွယ်တဲ့ လမ်းညွှန်လက်စွဲစာစောင် တစ်ခုကို ရိုက်နှိပ်ပြီး နိုင်ငံသားစိစစ်ရေးကို ကြီးကြပ်လုပ်ဆောင်မယ့် ကော်မီတီဝင်တွေထံ ဖြန့်ချိခဲ့တယ်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်စွဲပါ အဲဒီစာစောင်ရဲ့အဖုံးမှာ "မြန်မာနိုင်ငံသားဖြစ်ခြင်း၊ ဧည့်နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်းဆိုင်ရာ သိသင့် သိထိုက်သော ဥပဒေပုဒ်မများ"လို့ နာမည်တပ်ထားပါတယ်။ ဒါပေမဲ့ စာမျက်နှာ ၁၀ မျက်နှာပါ အဲဒီစာစောင်ငယ်မှာ ဘယ်သူတစ်ဦး တစ်ယောက်ကမျှ လက်မှတ်ထိုးထားတာ မပါဘူး။ ကန့်သတ်လို့ပဲ မျက်နှာဖုံးစာရွက်ရဲ့ ထိပ်ဘက်မှာ ရိုက်နှိပ်ထားတယ်။ ဘင်္ဂါလီတွေကို စိစစ်ရာမှာ ဒီအတိုင်းစိစစ်ရမယ်လို့ ညွှန်ကြားချက်။ လက်စွဲစာစောင် သဘောမျိုး လိုလိုအနေနဲ့ ဘင်္ဂါလီတွေကို စိစစ်ရာမှာ ပါဝင်ရမယ့် မြန်မာနိုင်ငံသားစိစစ်ရေးကော်မတီဝင်တွေကို ဖြန့်ဝေပေးထားခဲ့တယ်။

အဲဒီလက်စွဲ စာစောင်ငယ်မှာ အဓိက လိမ်လည်ချက် နှစ်ရပ်ပါရှိတယ်။

(က) ပထမအချက်

အဲဒီ လက်စွဲစာစောင်ရဲ့နံပါတ်တစ် ပင်မလိမ်လည်ချက်က ဘာလဲဆိုတော့ ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုခြင်း ဥပဒေအရ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေက ပယ်ဖျက်ထားတဲ့ နိုင်ငံသားဖြစ်မှု ဥပဒေ (ဟောင်း) နှစ်ခုဟာ အသက်ဝင်နေဆဲ ဖြစ်တယ် ပြန်သုံးလို့ရတယ် ဆိုပြီးသကာလ ဘင်္ဂါလီတွေကို နိုင်ငံသားပေးနိုင်မယ့် အပေါက်တွေကို လိမ်ဖောက်ထားတာ ဖြစ်ပါတယ်။

၈၂ ဥပဒေအားဖြင့် ပယ်ဖျက်ထားတာကို ပြန်သုံးလို့ ရပါတယ်ဆိုပြီး သုံးဖို့ညွှန်းတဲ့ ဥပဒေနှစ်ခုကတော့ –

(၁) ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး) အက်ဥပဒေနဲ့

(၂) ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေတို့ ဖြစ်ပါတယ်။ အဲဒီအထဲက ဒုတိယဥပဒေကို ပြန်သုံးပြီးတော့ ဘင်္ဂါလီတွေကို နိုင်ငံသားတို့ ဖြစ်ခွင့်ပေးနိုင်ဖို့ သူတို့ စီစဉ်ကြတာဖြစ်ပါတယ်။

တကယ်တော့ ဒီလုပ်ဆောင်ချက်ဟာ တရားမဝင်ပါဘူး။ ပယ်ဖျက်ထားတဲ့ ဥပဒေ နှစ်ခုကို သုံးလိုက သုံးဖို့ရာဆိုပြီးတော့ နောက်ပိုင်းကျတဲ့ ဥပဒေဖြစ်တဲ့ ၁၉၈၂ နိုင်ငံသားဥပဒေက ခွင့်မပေးထားပါဘူး။ (နောက်မှ ပြဋ္ဌာန်းတဲ့ ဥပဒေက ရှေ့ကဥပဒေကို လွှမ်းမိုးပါတယ်။ ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုချက် ဥပဒေပုဒ်မ ၃ (ဆ) “ရှေ့ကျသော ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်နှင့် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်တို့ ကွဲလွဲဆန့်ကျင်နေပါက နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်သည် အတည်ဖြစ်စေရမည်” လို့ ပြဋ္ဌာန်းထားတယ်။ Lex Posterior Derogat Legi Priori ဆိုတဲ့ ဥပဒေ သဘောတရားကိုယ်အတိုင်း ဖြစ်ပါတယ်။) ဥပမာ ၁၉၄၈ ဥပဒေမှာ နိုင်ငံသားနဲ့ နိုင်ငံသားပြုခွင့်ရသူလို့ပဲ ရှိပေမယ့် နောက်ကျတဲ့ ၁၉၈၂ ဥပဒေမှာ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနဲ့ ဧည့်နိုင်ငံသားလို့ သုံးမျိုး ပြဋ္ဌာန်းထားတယ်။ ဧည့်နိုင်ငံသားတစ်မျိုး ပိုလာတယ်။ ယခင်က နိုင်ငံသား (Citizen by Law) လျှောက်ထားခဲ့သူတွေကို နှောင်းဥပဒေက အာဏာစက် ရောက်လာပြီဆိုတာနဲ့ ဧည့်နိုင်ငံသားရယ်လို့သာ သတ်မှတ်ပေးလိုက်တော့တယ် ဆိုတာဟာ နောက်ပိုင်းကျတဲ့ ၁၉၈၂ ဥပဒေက ရှေ့ပိုင်းကျတဲ့ ၁၉၄၈ ဥပဒေကို လွှမ်းမိုးနိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

နောက်တစ်ချက်က ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေဟာ သက်ဆိုင်ရာနယ်ပယ်တစ်ခုခုကို အထူးပြုတဲ့ အထူးဥပဒေဖြစ်တယ်။ တစ်ဖက်မှာ ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုချက် ဥပဒေကကျတော့ နယ်ပယ်အားလုံးအတွက် ယေဘုယျသဘောကို ညွှန်းတဲ့ ယေဘုယျဥပဒေ ဖြစ်ပါတယ်။ ယေဘုယျဥပဒေကို အထူးဥပဒေက လွှမ်းမိုးပါတယ်။ Lex Specialis Derogat Legi Generali ဆိုတဲ့ ဥပဒေသဘောတရားကိုယ်အတိုင်း ဖြစ်ပါတယ်။ ဥပမာဆိုရရင် ၁၉၇၃ စကားရပ်ဥပဒေမှာ သားသမီးနဲ့ မွေးစားသားသမီးတွေဟာ အတူတူပဲဖြစ်တယ်လို့

ပြဋ္ဌာန်းထားတယ်။ ဒါပေမဲ့ နိုင်ငံသားပြုခွင့်ရသူတွေက သားသမီးတွေ မွေးစားတယ်ဆိုပြီး နိုင်ငံသားဖြစ် နိုင်သူတွေ ဖောင်းပွဖန်တီးမှာ စိုးတဲ့အတွက် ၁၉၈၂ နိုင်ငံသားဥပဒေက သားသမီးအရင်းနဲ့ မွေးစားသမီးတွေဟာ အတူတူ မဟုတ်ဘူးလို့ ပြဋ္ဌာန်းထားတယ်။ ယေဘုယျဥပဒေကို သက်ဆိုင်ရာ အထူးနယ်ပယ်မှာ အထူးဥပဒေက လွှမ်းမိုးတဲ့အတွက် နိုင်ငံသားဖြစ်မှုဆိုင်ရာ နယ်ပယ်မှာ ၁၉၈၂ နိုင်ငံသားဥပဒေက ပြဋ္ဌာန်းထားချက်ဖြစ်တဲ့ မွေးစားသားသမီးနဲ့ သားသမီးအရင်းနဲ့ အတူတူမဟုတ်ဘူး (ဝါ၊ မွေးစားသားသမီးများဟာ သားသမီးအရင်းအတိုင်း အခွင့်အရေးမရဘူး) ဆိုတဲ့အချက်ကိုပဲ အတည်ယူရပါတယ်။ လိုရင်းချုပ်ရရင် ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေက ၁၉၇၃ ခုနှစ် စကားရပ်များ အဓိပ္ပာယ်ဖွင့်ဆိုချက် ဥပဒေကို လွှမ်းမိုးပါတယ်။

ဒါ့ပြင် နောက်ထပ်တစ်ချက် ရှိသေးတယ်။ ဥပဒေအဟောင်း တစ်ခုကို ဥပဒေအသစ် တစ်ခုနဲ့ ပယ်ဖျက်လိုက်တဲ့အခါ ဖျက်လိုက်တဲ့ ဥပဒေအဟောင်းထဲက တချို့အပိုင်းတွေကို သုံးလိုက သုံးနိုင်တယ်လို့ ဥပဒေအသစ်မှာ တစ်ခါတည်း ထည့်သွင်း ပြဋ္ဌာန်းပေးလိုက်တာမျိုး ရှိတတ်လေ့ရှိပါတယ်။ ရံဖန်ရံခါပေါ့ ...။ အဲသလို ပြဋ္ဌာန်းထားရင် ဥပဒေအဟောင်း (က ခွင့်ပြုရာအပိုင်းတွေ) ကို သုံးလိုက သုံးနိုင်ပါတယ်။ ဥပမာအားဖြင့် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ (အဟောင်း) ကို ၂၀၁၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ (အသစ်) နဲ့ အစားထိုးလိုက်တဲ့အခါ ပြဋ္ဌာန်းချက်တစ်ခုက ဘယ်လိုပါလာသလဲဆိုတော့ ရှိရင်းစွဲ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာ၊ လက်စွဲတွေဟာ ယခုဥပဒေနဲ့သော် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့သော် လည်းကောင်း မဆန့်ကျင်သရွေ့ ဆက်လက် အသုံးပြုနိုင်တယ်လို့ ပြဋ္ဌာန်းတဲ့အတွက် ၂၀၀၀ တရားစီရင်ရေးဥပဒေ (အဟောင်း)ရဲ့ တချို့ကဏ္ဍတွေကို အခုထက်ထိ သုံးစွဲနေတုန်းပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေမှာကျတော့ အရင်ဥပဒေဟောင်းနှစ်ခုကို ပယ်ဖျက်တယ်လို့ပြောပြီး အဲသည်ဥပဒေတွေထဲက တချို့အပိုင်းတွေကို သုံးလိုက သုံးနိုင်ကြောင်း ဖော်ပြထားခြင်း မရှိတာဟာ အရင်ဥပဒေတွေကို လုံးဝမသုံးနဲ့တော့လို့ ဆိုလိုတဲ့သဘော ဖြစ်ပါတယ်။

ဒါကြောင့် ပယ်ဖျက်ပြီးသား နိုင်ငံသားဖြစ်မှု ဥပဒေနှစ်ခုစလုံးနဲ့ ၁၉၇၃ စကားရပ်များ အဓိပ္ပာယ်ဖွင့်ဆိုမှု ဥပဒေတို့ကို ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေက လွှမ်းမိုးပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံသားစိစစ်မှု လုပ်ငန်းတွေကို ၁၉၈၂ နိုင်ငံသားဥပဒေအတိုင်းသာ မတိမ်းမစောင်း ကြပ်ကြပ်မတ်မတ် စိစစ်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

နိုင်ငံသားဖြစ်မှု ဥပဒေအဟောင်းကို ဖျက်သိမ်းပြီး အသစ်ရေးဆွဲကြတော့မယ် လုပ်တော့ ဟိုစဉ်က လူကြီးတွေက စိုးရိမ်ကြောင့်ကြမှုကို ဖော်ပြတဲ့စကား ရှိပါတယ်။ "ဥပဒေအဟောင်းတွင် ဘိုးဘွားလေးဦးအနက် တစ်ဦးဦးသည် တိုင်းရင်းသားဖြစ်ပြီး မြန်မာပြည်မှာမွေးလျှင် မြေးဖြစ်သူသည် တိုင်းရင်းသားအဖြစ်ကို အလိုအလျောက် ရသည်ဟု ဖော်ပြထားကြောင်း၊ ရှေးယခင်က အခြေအနေအရ ဥပဒေအဟောင်းတွင် ယင်းသို့ ဖော်ပြထားခြင်းကို တစ်မျိုးစဉ်းစားရ (တော့) မည်ဖြစ်ကြောင်း၊ ... ဘိုးဘွားလေးဦးတွင် တစ်ဦးတိုင်းရင်းသား ဖြစ်သော်လည်း ... ကျန်သုံးဦးမှာ နိုင်ငံခြားသားများ ဖြစ်နေသည့်အတွက် ဒီမိုကရေစီခေတ်ကြီးတွင် လေးယောက် တစ်ယောက် ဖြစ်နေသည့်အတွက် မဲနှင့်ရွေးလျှင် မြေးဖြစ်သူသည် မိမိတို့လူမျိုး မဖြစ်နိုင်ကြောင်း ..." စသည်ဖြင့် အဲဒီတုန်းက

နိုင်ငံတော်သမ္မတဖြစ်သူက ပြောကြားခဲ့ဖူးတယ်။ ဒီလိုမျိုး ဥပဒေအဟောင်းမှာ ပေါက်နေတဲ့ အပေါက်တွေကို ပြန်ဖာပြီး နိုင်ငံသားဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းခဲ့ကြတယ်။

(ခ) ဒုတိယအချက်

၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေရဲ့ပုဒ်မ ၇ မှာ ဒီလို ပြဋ္ဌာန်းထားပါတယ်။ "နိုင်ငံတော်အတွင်း၌ ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ ဖြစ်စေ မွေးဖွားသည့် အောက်ပါသူတို့သည်လည်း နိုင်ငံသားဖြစ်သည်"လို့ ပြဋ္ဌာန်းထားတယ်။

ဒီလို ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထားပါ လျက်သားနဲ့ အခုပြောနေတဲ့ လုပ်ကြံလက်စွဲ စာစောင်မှာ "ဤဥပဒေ တည်သည့် (၁၅-၁၀-၁၉၈၂) နေ့နောက်ပိုင်း မွေးဖွားသူများ။ နိုင်ငံတော်အတွင်း၌ ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ ဖြစ်စေ မွေးဖွားသည့် အောက်ပါသူတို့သည်လည်း နိုင်ငံသား ဖြစ်သည်"ဆိုပြီးတော့ အဲဒီနေ့ နောက်ပိုင်း မွေးဖွားသူတွေသာလျှင် ဥပဒေ ဖော်ပြပါအတိုင်း စဉ်းစားရမယ်လို့ လုပ်ကြံခဲ့ထုတ် တင်ပြထားတယ်၊ သူတို့အပေါ်ကိုသာလျှင် ၈၂ ဥပဒေအနေနဲ့ သက်ရောက်မှု ရှိမယ်ဆိုပြီး လုပ်ကြံခဲ့ထုတ် ရေးသားထားတယ်။

အမှန်ကတော့ အဲဒီနေ့ရက် ရှေ့ပိုင်းမှာ မွေးဖွားသူတွေပင် ဖြစ်စေကာမူ (နိုင်ငံသားလက်မှတ် ရထားပြီးသူတွေ မဟုတ်ရင်) ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအတိုင်း တိတိကျကျ ကြပ်ကြပ်မတ်မတ် ထည့်သွင်း စဉ်းစားကြရမယ့်သူတွေ ဖြစ်ပါတယ်။

ဒီအကြောင်းတွေကို ဒီလိုရေးသား တင်ပြနေရတာဟာ ရခိုင်အပါအဝင် မြန်မာနိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအကြောင်းကို အရင်ကထက် ပိုမို အကျွမ်းတဝင် ရှိလာပြီးတော့ မဟုတ်ကဟုတ်က ဒီလိုမျိုး လိမ်ဆင်အပေါက်တွေနဲ့ ဥပဒေကို အပေါက်ဖောက်ပြီး တိုင်းပြည်ကို ရောင်းစားကြခြင်းမှ ဝိုင်းဝန်း ကာကွယ်နိုင်အောင်လို့ ရည်ရွယ်ရေးသားတာ ဖြစ်ပါတယ်။

၈၂ ဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ဆောင်ရွက်နိုင်ဖို့အတွက် အစိုးရအဖွဲ့ဟာ လိုအပ်တဲ့ လုပ်ထုံးလုပ်နည်းတွေကို နိုင်ငံတော်ကောင်စီရဲ့သဘောတူညီချက်နဲ့ ထုတ်ပြန်ရမယ်လို့ ဒီ ၈၂ ဥပဒေရဲ့ပုဒ်မ ၇၅ မှာ ပြဋ္ဌာန်းထားတယ်။ ဥပဒေနဲ့မညီဘဲ နိုင်ငံသားကတ်ပြားတွေ ထုတ်ပေးစေခြင်းဟာ ၈၂ ဥပဒေရဲ့ပုဒ်မ ၁၉ နဲ့ ငြိစွန်းတဲ့အတွက် ထောင်ဒဏ် ခုနစ်နှစ်နဲ့ ငွေကျပ် တစ်သောင်း ကျခံစေနိုင်ကြောင်း ပြဋ္ဌာန်းထားတဲ့ ပြစ်မှုမြောက်ပါတယ်။ ဒီဖြစ်စဉ်မှာ ဒီလိုမျိုး လုပ်ကြံလက်စွဲ စာစောင်တွေကို ကိုင်တွယ်သုံးစွဲဖို့ ဘယ်အရာရှိက ညွှန်ကြားသလဲဆိုတာကို လိုက်ရှာပြီးတော့ တာဝန်ရှိသူတွေကိုတောင် ဥပဒေနဲ့အညီ အရေးယူ အပြစ်ပေးသင့်လှပါတယ်။

(ဂ) ပုဒ်မ ၂၃ ရဲ့အရေးပါမှု

၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေ ပုဒ်မ ၂၃ မှာ ဒီလို ပြဋ္ဌာန်းထားပါတယ်။ "၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ နိုင်ငံသားဖြစ်ရန် လျှောက်ထားသူများသည် သတ်မှတ်ချက်များနှင့် အရည်အချင်းများနှင့် ကိုက်ညီပါက ဧည့်နိုင်ငံသားအဖြစ် ဗဟိုအဖွဲ့က သတ်မှတ်နိုင်သည်"

သတိ။ ။ ဧည့်နိုင်ငံသား လျှောက်လို့ရတာ မဟုတ်ဘူးနော်၊ နိုင်ငံသားလျှောက်တာကို ဧည့်နိုင်ငံသားအဖြစ် "သတ်မှတ်" လိုက်တာ။

အဲဒီ ပုဒ်မ ၂၃ ဟာ ၈၂ နိုင်ငံသားဥပဒေမှာ အင်မတန်မှ အရေးပါတဲ့ပုဒ်မ ဖြစ်ပါတယ်။ အဲဒီပုဒ်မကို အနုလုံပဋိလုံ ဆင်ခြင်တဲ့အခါ အဲဒီပုဒ်မက အရေးကြီးတဲ့ လုပ်ရပ်နှစ်ခုကို လုပ်ကြောင်းတွေ့ရပါလိမ့်မယ်။

နံပါတ်တစ်လုပ်ရပ် – ယခု ၈၂ ဥပဒေအာဏာ မသက်ရောက်မီ ကာလကပင် လျှောက်ထားခဲ့သော်လည်း (လျှောက်ထားမှုအား စိစစ်မှုလုပ်ငန်းစဉ်) မပြီးမပြတ်သေးတဲ့ လျှောက်ထားသူတွေဟာ တကယ့်တကယ်ကို "နိုင်ငံသား" ဖြစ်နိုင်တဲ့ အရည်အချင်း ရှိပင်ရှိငြားသော်လည်း နိုင်ငံသားဆိုတာကို မပေးတော့ဘဲ ဧည့်နိုင်ငံသားဆိုတာကိုပဲ သတ်မှတ်ချင်က သတ်မှတ်နိုင်တယ် ဆိုတာကို ပြဋ္ဌာန်းတဲ့လုပ်ရပ်ကို လုပ်ပါတယ်။

နံပါတ်နှစ် လုပ်ရပ်၊ ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု ဥပဒေ (ဥပဒေအဟောင်း) ကို သုံးပြီး နိုင်ငံသားအဖြစ် ရရှိခွင့် လျှောက်ထားမှုတွေကို ဒီမှာ ရပ်တန်းက ရပ်ကြတော့ဆိုပြီး ဇာတ်လမ်း ဖြတ်ချလိုက်တဲ့ လုပ်ရပ်ကို လုပ်ပါတယ်။ တိုးလိုးတန်းလန်း ဖြစ်နေတဲ့ လျှောက်ထားမှုတွေကိုတောင် ဒီလောက်ပဲ ယူတော့ကွာဆိုပြီး ဖြတ်ချလိုက်တာဟာ ရှေ့က မပြတ်နိုင်သေးတဲ့ ဇယားဟောင်းတွေကို လာလှန်မနေတော့လို့ သက်ရောက်အဓိပ္ပာယ် ပေးတာဖြစ်ပါတယ်။ ဥပဒေအဟောင်းကို လှည့်ကြည့်နေစရာ မလိုတော့ဘူးလို့ ပြောတာဖြစ်ပါတယ်။

ဒရောသောပါးနဲ့ ဟောဗျာ ဟောဗျာ ကျွန်တော်တို့တော့ လျှောက်ထားဖို့ ကျန်သေးတယ်ဗျလို့ ဆိုရင် နောက်ပိုင်းမှာလာတဲ့ ပုဒ်မ ၄၂ မှာ ပြောထားတယ်။ ၄၈ ဥပဒေအရ လျှောက်ဖို့ ကျန်ခဲ့တယ်ဆိုတာကို "ခိုင်လုံသော အထောက်အထားများ" ပြပါတဲ့။ ပြနိုင်ရင်တော့ ပြုနိုင်ငံသားတော့ ရချင်ရမယ်တဲ့။ နိုင်ငံသားတော့ မရတော့ဘူးတဲ့။

၈၂ ဥပဒေ ပုဒ်မ ၂၃ ရဲ့နံပါတ်နှစ် လုပ်ရပ်အားဖြင့် ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၁၄ (ခ) အနေနဲ့ မိမိကိုလာပြီး လွှမ်းမိုးမနေနဲ့၊ မိမိဟာ သင်းကလာပြီး လွှမ်းမိုးလို့မရတဲ့ အထူးဥပဒေတစ်ရပ် ဖြစ်တယ်ဆိုတာကို ပြလိုက်တာဖြစ်ပါတယ်။

၈၂ ဥပဒေကို လိမ်ဆင်ပေါက် ဖောက်သူများ သုံးစွဲလေ့ရှိတဲ့ ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၁၄(ခ) က ဒီလိုဆိုပါတယ်။ "ရုပ်သိမ်းခံရသော ဥပဒေပြဋ္ဌာန်းချက်အရ ရရှိခဲ့သည့် ရရှိပိုင်ခွင့် သို့မဟုတ် အခွင့်အရေးကို လည်းကောင်း၊ ဆောင်ရွက်ခဲ့ရသည့် တာဝန်နှင့် ကြွေးမြီတို့ကို လည်းကောင်း မထိခိုက်စေရ" လို့ ဆိုပါတယ်။ အဲဒီစကားကို လိမ်ဆင်အပေါက်ဖောက်သူတွေက ကိုးကားပါတယ်။

ဒီ ၇၃ စကားရပ် ဥပဒေပုဒ်မ ၁၄(ခ)က လွှမ်းမိုးတဲ့ ဥပဒေအဟောင်း၊ အသစ် အတွဲတွေရှိပါတယ်။ ဥပမာအားဖြင့် ၁၉၄၇ သွင်းကုန်/ထုတ်ကုန်ဥပဒေ (အဟောင်း) နဲ့၂၀၁၂ ခု စက်တင်ဘာ ၇ ရက်နေ့ပြဋ္ဌာန်းတဲ့ ပို့ကုန် သွင်းကုန် ဥပဒေ (အသစ်) တို့ ဖြစ်ကြပါတယ်။ ဆိုင်ကယ် Without စီးရင် အရင် ဥပဒေအဟောင်းအရ ထောင်ဒဏ် ခုနစ်နှစ် အမြင့်ဆုံး ချမှတ်နိုင်ပြီး ဥပဒေအသစ်အရ အမြင့်ဆုံး ထောင်ဒဏ် သုံးနှစ် ချမှတ်နိုင်တယ်။ ဆိုပါတော့ ... ဆိုင်ကယ် Without စီးသူတစ်ဦးဟာ ဥပဒေအဟောင်းကို ရုပ်သိမ်းခါနီး စက်တင်ဘာလ ၁ ရက်နေ့မှာ အဖမ်းခံရတယ်။ အမှုကို တည်ဆောက်ရင်း ရုံးတင်တာ ဘာညာနဲ့ ဥပဒေအသစ်ကို ပြဋ္ဌာန်းပြီးတဲ့ စက်တင်ဘာလ ၇ ရက်နေ့ နောက်ပိုင်းကျမှ သူ့ကို တရားစွဲဆို စီရင်ချက်ချတာကို လုပ်နိုင်တယ်။ ဒါပေမဲ့ သူ့ဟာ ဥပဒေအဟောင်း တည်ဆဲကာလမှာ ဥပဒေကို ဖောက်ဖျက်ကျူးလွန်တာဖြစ်လို့ ဥပဒေအဟောင်းနဲ့ပဲ စီရင်ရမှာ ဖြစ်ပြီး အမြင့်ဆုံး ထောင်ဒဏ် ခုနစ်နှစ်ဆိုတဲ့ ပြဋ္ဌာန်းချက် အဟောင်းနဲ့သာ စီရင်ရမှာဖြစ်ပါတယ်။ စီရင်ချက်ချချိန် လက်ရှိ တည်ဆဲဥပဒေက သူ့အမှုအပေါ်မှာ မသက်ရောက်နိုင်ပါဘူး။

ဒါပေမဲ့ နိုင်ငံသားဥပဒေတွေ ၄၈ အဟောင်းနဲ့ ၈၂ အသစ်တို့ရဲ့ကြားမှာက အဲသလို မဟုတ်ဘူး။ ပုဒ်မ-၂၃ ရှိတယ်။

ရုပ်သိမ်းခြင်းပြုသော ဥပဒေ (ဒီနေရာ မှာ ၈၂ ဥပဒေ) မှာ တစ်နည်းတစ်ဖုံ ဖော်ပြထား (ပုဒ်မ ၂၃ အားဖြင့် အရင်လျှောက်ထားပြီးသား သူတွေကို "ဧည့်နိုင်ငံသား" ကိုပဲ ပေးတော့မယ်လို့ ဖော်ပြထား) တဲ့အတွက် ရှေးကကိစ္စတွေ ဒီနေရာမှာ ဇာတ်လမ်း ပြတ်ပါတယ်။ "ယင်းသို့ ဖော်ပြထားသည့်အတိုင်းသာ ဖြစ်ရမည်" လို့ ဆိုထားတာကိုး။ အဲဒီတုန်းက တိုးလိုးတန်းလန်း ကျန်ခဲ့သူတွေကိုတောင် "ဧည့်နိုင်ငံသား" ပဲပေးတာ၊ ယခုအချိန် ၃၄နှစ် ကြာပြီးတဲ့အခါမှ "ဧည့်နိုင်ငံသား" ထက်မြင့်တဲ့ အပြည့်အဝ "နိုင်ငံသား" အဖြစ်ကို ပေးလို့ရတယ်လို့ ပြောနေတာဟာ လီဆယ်လုပ်ကြဲလို့ ပြောနေတာ ဖြစ်ပါတယ်။

၁၉၇၃ စကားရပ် ဥပဒေဟာ ၈၂ ဥပဒေ ပြဋ္ဌာန်းတဲ့ ၁၉၈၂ ခုနှစ်မှာကတည်းက ပြဋ္ဌာန်းပြီးသား ဖြစ်နေပြီးဖြစ်ပါတယ်။ အဲဒီလို ပြဋ္ဌာန်းပြီးသား ယေဘုယျ ဥပဒေတစ်ရပ်ရဲ့ပြဋ္ဌာန်းချက်က မိမိဥပဒေကို လာရောက်လွှမ်းမိုးလို့ မရအောင် ရှေ့က တိုးလိုးတန်းလန်းတွေကို ဒီလိုအပြတ်ဖြတ်ချရန် ရည်ရွယ်ပြီး ပုဒ်မ ၂၃ ကို ထည့်သွင်းပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။

(ဃ) ကြည့်ပြာရောင်/အစိမ်းရောင် ကတ်ပြား

အခုတလော ဘင်္ဂါလီတွေကို ထုတ်ပေးနေတဲ့ အစိမ်းရောင်ကတ်ပြားရဲ့ တရားဝင်မှု မဝင်မှု၊ အကျိုးအပြစ် သက်ရောက်မှုတွေကို အလေးအနက် လေ့လာကြဖို့လိုပါတယ်။ "နိုင်ငံသား စိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား" (Identity Card for National Verification) လို့ ကတ်ပြားအမည်ကို ရေးထိုးထားတဲ့အပြင် ဤသက်သေခံကတ်ပြား ကိုင်ဆောင်ခြင်းဖြင့် နိုင်ငံသားဖြစ်ကြောင်း သက်သေခံပစ္စည်း မဖြစ်စေရဆိုတဲ့သဘော ပုံနှိပ်ရေးသားထားတာကိုလည်း တွေ့ရတယ်။

နှိုင်းယှဉ် စဉ်းစားစရာတစ်ချက်က အခု နိုင်ငံသားဖြစ်သူ ကျွန်တော်တို့ ကိုင်ထားကြတဲ့ ID ကတ်တွေဟာလည်း နိုင်ငံသားစိစစ်ရေး ကတ်ပြားတွေသာလျှင် ဖြစ်ကြတယ်။ နိုင်ငံသားကတ်ပြားတွေ မဟုတ်ကြဘူး။ (နိုင်ငံ သား ဟုတ် မဟုတ် မစိစစ်ရသေးတဲ့) ဘင်္ဂါလီတွေကို လွယ်လင့်တကူ ထုတ်ပေးထားတဲ့ ဒီ အစိမ်းရောင် ကတ်ပြားတွေရဲ့ တရားဝင်မှု အဆင့်အတန်းဟာ နိုင်ငံသားဖြစ်သူတွေ ကိုင်ဆောင်တဲ့ ကတ်ပြားတွေရဲ့တရားဝင်မှုအဆင့်အတန်းနဲ့ တူညီနေခဲ့သည်ရှိသော် ... ဒါဟာ ဥပဒေက အပ်နှင်းထားတဲ့ အခွင့်အာဏာကို ကျော်လွန်သုံးစွဲ လုပ်ကိုင်ခြင်းဖြစ်ပါတယ်။ ဒီကိစ္စကို အသေအချာသုံးသပ်ဖို့ လိုအပ်ပါတယ်။

■ ဆက်လက်ဖော်ပြပါမည်။

Writer: ကျော်ဇောဦး

Daily Eleven သတင်းစာ
၂၀၁၀၆-ခုနှစ်၊ ဇွန်လ (၂၅) ရက်၊ (စနေနေ့)

==========

**နိုင်ငံ၊ လူမျိုးနှင့် အချုပ်အခြာ အာဏာကို စောင့်ရှောက်သော ဥပဒေ (အပိုင်း ၃)**

ကတ်ပြားတွေ ထုတ်ပေးမှုဟာ နည်းဥပဒေတွေနဲ့ မညီညွတ်တာကို အရင်ကတည်းက တွေ့ရဖူးတယ်။ ဥပမာအားဖြင့် White Card ခေါ် အဖြူရောင် ကတ်ပြားဟာ ပြဋ္ဌာန်း နည်းဥပဒေ လုပ်ထုံးလုပ်နည်းများအရ ဆိုရင် နိုင်ငံသား စိစစ်ရေး ပန်းရောင်ကတ်ပြား ကိုင်ဆောင်သူ နိုင်ငံသား တစ်ဦးဦး သူ့ရဲ့ ပန်းရောင်ကတ် ပျက်စီး ပျောက်ဆုံးနေစဉ် ကာလမှာ ယာယီသုံးဖို့ ထုတ်ပေးနိုင်တယ်လို့ ပြဋ္ဌာန်းထားတဲ့ ကတ်အမျိုးအစား ဖြစ်ပါတယ်။ ဒါပေမဲ့ အဖြူရောင်ကတ်ကို နိုင်ငံသား ဟုတ်မဟုတ် မသိရသေးတဲ့ ဘင်္ဂါလီတွေကို (လုပ်ထုံးလုပ်နည်းနဲ့ ညီညွတ်ခြင်း မရှိဘဲ) ထုတ်ပေးခဲ့ကြတယ်။ ဒီလိုမျိုး ထုတ်ပေးလို့ ရတယ် ဆိုပြီးတော့ လဝက တာဝန်ရှိသူတွေဟာ ကျယ်ကျယ်ပြန့်ပြန့် တရားဝင် ထုတ်ဖော်ပြောခဲ့ကြတယ်။

နိုင်ငံသား၊ ဧည့်နိုင်ငံသားနဲ့ ပြုနိုင်ငံသား ကတ်ပြားတွေကို (ကတ်ပြား အစစ်တွေကို) နည်းလမ်း ညီညွတ်ခြင်း မရှိဘဲ မြန်မာနိုင်ငံ တစ်ဝန်းမှာ သိန်းချီလို့ ထုတ်ပေးခဲ့ကြပြီးပြီ။ လဝက အောက်ခြေဝန်ထမ်းမှ အစ ဝန်ကြီးအထိ ဘယ်သူမှ တရားစွဲဆို ခံရခြင်း ထောင်ကျခြင်း မရှိသေးဘူး။ ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေ ပုဒ်မ ၁၉ နဲ့ တရားစွဲဆိုခြင်း ခံရတာဟာ … ကျွန်တော် သိသလောက် ကော့သောင်းမှာ ဖမ်းမိတဲ့ ဘင်္ဂါလီတွေ အမှုမှာ ပြီးခဲ့တဲ့ ရက်ပိုင်းက လဝက ဝန်ထမ်း နှစ်ဦးကို အမှုနဲ့ ဆက်စပ်ပြီးတော့ တရားစွဲတာဟာ ပထမဦးဆုံး အကြိမ် ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အစိမ်းရောင် ကတ်ပြားဟာ ဥပဒေ နည်းဥပဒေ လုပ်ထုံး လုပ်နည်းများနဲ့ ညီညွတ်မှု ရှိ မရှိကို အသေအချာ သုံးသပ်ကြဖို့ လိုအပ်ပါတယ်။

(၄)

ဥပဒေက လုံပေမယ့် ခေါင်မိုးက မလုံရင်

၁၉၈၂-ခုနှစ် နိုင်ငံသား ဥပဒေဟာ မြန်မာနိုင်ငံ ရေရှည် တည်တံ့ရေးကို ရည်မှန်းပြီး လူထု လူတန်းစား အသီးသီးရဲ့ ပါဝင် အကြံပြုချက်တွေနဲ့ အချိန်ယူ ရေးဆွဲ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေ ဖြစ်တဲ့အတွက် ယိုပေါက်တွေ ဟာကွက်တွေ လွတ်ပေါက်တွေ ရှိနိုင်ခြေ အင်မတန် နည်းကြောင်း ရှေ့က တင်ပြ ရေးသားခဲ့ပြီးပါပြီ။ ဥပဒေကို ကိုင်တွယ် သုံးစွဲတဲ့ လူတွေကသာ ဖောက်ခြင်း ဖြစ်ကြောင်းကိုလည်း ထည့်သွင်း ရေးသားခဲ့ပါတယ်။ ဒါပေမဲ့ တစ်ဘက်မှာ လွတ်ပေါက်နှစ်ရပ် ရှိနေသေးကြောင်းကိုလည်း စိတ်မကောင်းစွာနဲ့ပဲ ထည့်ပြောရပါဦးမယ်။ အခု ဆက်ဆွေးနွေးမယ့် ဖော်ပြပါ အချက်တွေကတော့ ခေါင်မိုး လုံ မလုံနဲ့ အဓိက ပတ်သက်ပါတယ်။

လွတ်ပေါက် တစ် – ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေ ပုဒ်မ ၈ (က)

၈၂ ဥပဒေ ပုဒ်မ ၈ (မူရင်း) စာသားက ဒီလို ဆိုပါတယ်။ “နိုင်ငံတော် ကောင်စီသည် နိုင်ငံတော်၏ အကျိုးငှာ မည်သူ့ကို မဆို နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့် ရသူအဖြစ် သတ်မှတ်နိုင်သည်” လို့ ဆိုတားပါတယ်။ (စကားရပ် အစားထိုးပြီးသား Update လုပ်ပြီးသား စာသားကတော့ ‘နိုင်ငံတော် သမ္မတ (သို့မဟုတ်) ပြည်ထောင်စု အစိုးရ အဖွဲ့’ သည် နိုင်ငံတော်၏ အကျိုးငှာ မည်သူ့ကို မဆို နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူ အဖြစ် သတ်မှတ်နိုင်သည်’ လို့ ဆိုပါတယ်။

ဒါကို အဆိုးဆုံး အခြေအနေ လှမ်းမျှော်ပြီး တွေးကြည့်လိုက်မိတဲ့ အခါ မိမိတို့ နိုင်ငံကို အုပ်ချုပ်နေတဲ့ အစိုးရက တိုင်းပြည်နဲ့ လူမျိုးအပေါ် သစ္စာ မရှိခဲ့ရင် ‘မည်သူ့ကို မဆို’ နိုင်ငံသား တစ်မျိုးမျိုး သတ်မှတ်ပေးနိုင်တယ် ဆိုတဲ့ ဒီပုဒ်မကို အလွဲသုံးစား လုပ်လာနိုင်တယ်။ ဒီဥပဒေရဲ့ အခြား နေရာတွေမှာ ဘယ်လိုပဲ ပြဋ္ဌာန်းထားထား ဒီနိုင်ငံကို အုပ်ချုပ်ခွင့် ရထားတဲ့ အစိုးရမင်းကသာ ‘နိုင်ငံတော်၏ အကျိုး’ ရှိပါတယ်လို့ တစ်နည်းနည်းနဲ့ ပြောပြီး ‘မည်သူ့ကို မဆို’ နိုင်ငံသား တစ်မျိုးမျိုးပေးတာ လုပ်သွားနိုင်တယ်။ ဒါဟာ လွတ်ပေါက် (Loophole) တစ်ခု အနေနဲ့ ရှိနေတယ်။

လွတ်ပေါက် နှစ် – ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေ ပုဒ်မ ၇၅

၈၂ ဥပဒေ ပုဒ်မ-၇၅ (မူရင်း)စာသားက ဒီလို ဆိုပါတယ်။ ‘ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် အလို့ငှာ (အစိုးရအဖွဲ့)သည် လိုအပ်သော လုပ်ထုံး လုပ်နည်းများကို နိုင်ငံတော် ကောင်စီ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ရမည်’ လို့ ဆိုထားပါတယ်။ (စကားရပ် အစားထိုးပြီးသား update လုပ်ပြီးသား စာသားကတော့ ‘ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် အလို့ငှာ ပြည်ထောင်စု အစိုးရ အဖွဲ့သည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော် သမ္မတ (သို့မဟုတ်) ပြည်ထောင်စု အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ရမည်’ လို့ ဆိုပါတယ်။) ၈၂ ဥပဒေ ပုဒ်မ-၇၅ အရ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်တွေကို ကျင့်သုံးပြီး သကာလ ထိုစဉ်က ဝန်ကြီးအဖွဲ့ဟာ နိုင်ငံတော် ကောင်စီရဲ့ သဘောတူညီချက်နဲ့ ‘မြန်မာနိုင်ငံသား ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ’ ကို အမိန့်ကြေငြာစာ အမှတ် ၁၃/၈၃ အားဖြင့် (၁၀-၀၉-၁၉၈၃) ရက်နေ့မှာ တစ်ဆက်တည်း ပြဋ္ဌာန်းထားခဲ့ပြီး ဖြစ်တယ်။

ဒါပေမဲ့ ရှေ့က ခိုင်ခိုင်မာမာ ဘယ်လိုပဲ ပြဋ္ဌာန်းထား ပြဋ္ဌာန်းထား ဥပဒေကို ယိုပေါက်တွေ ဖန်တီးပေးနိုင်မယ့် လုပ်ထုံးလုပ်နည်းတွေကို ရေးဆွဲ ပြဋ္ဌာန်းလာခဲ့ရင် . . . တိုင်းပြည်ရဲ့ အချုပ်အခြာ အာဏာနဲ့ အမျိုးဘာသာ သာသနာကတော့ ရေစုံမျောရမယ့် အခြေအနေ ဖြစ်သွားပါလိမ့်မယ်။

၈၂ ဥပဒေနဲ့ စိစစ်မှုကို လုပ်ဆောင်ဖို့ရာကို အဆိုတင်နိုင်ဖို့အတွက် မကြာခင်က ပြည်သူ့ လွှတ်တော်မှာ ကြိုးပမ်းကြတဲ့အခါ အဆို တင်သင့်ကြောင်း ဆွေးနွေးတဲ့ အမတ်တွေ ဆွေးနွေး အပြီးမှာ ပါတီကြီး တစ်ခုရဲ့ အမတ်တွေ ဘယ်သူမှ လက်ခုပ် မတီးကြတာဟာ ဘယ်ဘက်ကို ဦးတည်နေသလဲ ဆိုတာ တွေးတော စဉ်းစားစရာ ဖြစ်နေပါတယ်။

တိုင်းရင်းသား အရေးမှာ ရှမ်းက ဦးဆောင်နေလေ့ ရှိခဲ့ရာကနေ ယနေ့ အချိန်အခါမှာ မြေပေါ် နိုင်ငံရေးမှာ ရှမ်းနဲ့ တန်းတူ ရင်ဘောင်တန်း ဦးဆောင်လာတဲ့ ရခိုင်ကို နိုင်ငံရေး အားသာချက်တွေ မရနိုင်အောင် နှိပ်ကွပ်ထားနိုင်မှ ဖြစ်မယ် ဆိုတာမျိုး၊ ရခိုင်ကို ကုလားနဲ့ ကစားထားမှ ဖြစ်မယ် ကုလားနဲ့ ညှပ်ထားမှ ဒီကောင်တွေ ကြပ်နေမယ်လို့ စဉ်စားပုံမျိုးကို အရင် အစိုးရ အဆက်ဆက်ဆီက အမွေဆက်ခံ ထားမိတယ် ဆိုခဲ့ရင် . . . ဒီ ဘင်္ဂါလီ အရေးဟာ ဒီလို ကစားရင်း ကစားရင်းနဲ့ ကြီးထွားလာခဲ့တာဟာ (ပြည်ထောင်စု အဆင့်) မြန်မာတစ်နိုင်ငံလုံးရဲ့ နောင်ရေး ရင်မအေးစရာ ဖြစ်လာနေပြီဆိုတဲ့ အချက်ကိုလည်း နှလုံးသွင်းပေးကြဖို့ ပန်ကြားလိုပါတယ်။ ဖဆပလ မဲနိုင်ဖို့အတွက် ခေါ်တော ကုလားတွေကို သမ္မာန် အစီးပေါင်း ဆယ်ချီ ရာချီတိုက် နတ်မြစ်ကို ကျော်သွင်းပြီး မဲပေးစေခဲ့တာ . . . ၊ စစ်အစိုးရ လက်ထက် ထောက်လှမ်းရေး ကြီးစိုးစဉ် ရခိုင်တွေကို ပြားပြားဝပ်အောင် နှိပ်ကွပ်ပြီး ကုလား လုပ်ငန်းရှင်တွေကို ဖွံ့ဖြိုး ကြီးထွားအောင် မြေတောင် မြှောက်ပေးခဲ့တာ . . . ၊ ကြံ့ခိုင်ရေးပါတီ မဲရဖို့အတွက် ဘူးသီးတောင် မောင်တောမှာ အဖြူရောင်ကတ်တွေ ထုတ်ပေးပြီး မဲပေးခွင့် ပြုခဲ့တာ . . . ၊ စသည်ဖြင့် စသည်ဖြင့် . . . ဒီလိုမျိုး လုပ်ရပ်တွေ မူဝါဒတွေ ချဉ်းကပ် စဉ်းစားမှုတွေဟာ ဒီဘက်မှာ ပါမလာတော့ဖို့ကို ကျွန်တော်တို့ မျှော်လင့်ပါတယ်။

(၅)

အာမားရ်ရှိနား မိုင်ယန်မား။ ကျွနု်ပ်၏ မြန်မာ ရွှေနိုင်ငံ

ပြီးခဲ့တဲ့ ဇွန်လ (၇) ရက် (၀၇-၀၆-၂၀၁၆) ရက်နေ့က ပုဏ္ဏားကျွန်းမြို့နယ် ကာဒီ (ဘင်္ဂါလီ) ရွာကို လဝက တာဝန်ရှိသူတွေ သွားရောက်ပြီး နိုင်ငံသား စိစစ်ရေး လုပ်ငန်း အဆင့်တွေ လုပ်ဆောင်နိုင်ဖို့ သွားရောက်ခဲ့ကြပေမယ့် စိစစ် လုပ်ဆောင်တဲ့ နေရာမှာ လူမျိုး/ဘာသာ အချက်အလက်တွေကို မေးမြန်း ထည့်သွင်းခြင်း မပါရှိတဲ့အတွက် ကာဒီ ရွာသား ဘင်္ဂါလီ လူမျိုးတွေက နိုင်ငံသား စိစစ်ရေး ဖြစ်စဉ် မလုပ်နိုင်ကြောင်း ငြင်းပယ်ခဲ့တယ်။ အစစ်ခံမယ့် လူတွေက ငြင်းပယ်တဲ့အတွက် စစ်ဆေးရမယ့် တာဝန်ရှိတဲ့သူတွေ ဘာမှ မလုပ်နိုင်ဘဲ ပြန်လာခဲ့ကြရတယ်။

မိမိ သိသလောက် နိုင်ငံတော် သမ္မတနဲ့ ဒုသမ္မတတွေဟာ တိုင်းရင်းသားတွေ ဖြစ်ကြရမယ် ဆိုတဲ့ အချက်က လွဲပြီး မည်သည့် နိုင်ငံသား မဆို (တိုင်းရင်းသား ဟုတ်ဟုတ် မဟုတ်ဟုတ်) ဥပဒေအရ ရပိုင်ခွင့်တွေ တန်းတူ အကုန် ရကြတယ်လို့ ပြဋ္ဌာန်းထားတဲ့ သည် မြန်မာနိုင်ငံမှာ နိုင်ငံသား ဟုတ်၊ မဟုတ် မသေချာသူ ခိုးဝင်တွေလို့ သံသယရှိခြင်း ခံရသူ လူအုပ်စု တစ်စုဟာ နိုင်ငံသား စိစစ်ရေးကို လုပ်ပေးပါမယ် ဆိုပြီး အိမ်တိုင်ရာရောက် လာလုပ်ပေးတာကို လူမျိုး/ဘာသာ အချက်အလက် မပါလို့ နိုင်ငံသား စိစစ်မှု ဖြစ်စဉ်ကို ငြင်းပယ်တယ် ဆိုတာကို ကြည့်လိုက်လျှင် မြင်သာနေတဲ့ အချက်တစ်ချက် ပေါ်လာပါတယ်။ သူတို့ အတွက် နိုင်ငံသားဖြစ်မှု ဆိုတာ အရေးကြီးရင် ကြီးမယ်၊ ဒါနဲ့ ထပ်တူ (သို့မဟုတ်) ဒါထက် အရေးကြီးတာကတော့ သူတို့ရဲ့ လူမျိုးနဲ့ ဘာသာ identity ဖြစ်ပါတယ်။ သူတို့အတွက် လူမျိုးဘာသာက ဘာကြောင့် အရေးကြီးရသလဲ။

သူတို့အတွက် လူမျိုး ဘာသာက ဘာကြောင့် အရေးကြီးရသလဲ ဆိုတော့ လူမျိုး ဘာသာကို အခြေခံပြီး ထပ်ဆင့် ရလာနိုင်တဲ့ တိုင်းရင်းသား အခွင့်အရေး၊ (တစ်ယောက်ချင်း မဟုတ်တဲ့ အစုအဖွဲ့အလိုက်) နိုင်ငံရေး ရပိုင်ခွင့်၊ နယ်မြေ

ပိုင်စိုးခွင့်၊ နယ်မြေအလိုက် ကိုယ်ပိုင် အုပ်ချုပ်ခွင့် အစရှိတဲ့ နိုင်ငံရေး ရည်မှန်းချက်တွေကို လှမ်းမျှော်ကြည့်နေကြပြီးသား ဖြစ်နေကြလို့ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀)ကျော် ကျွန်တော် ပြည်ဂျီတီအိုင်မှာ တက်နေစဉ် ကာလကလို့ ထင်ပါတယ်။ ပြည်မြို့ထဲမှာ သွားလာနေတုံး မိုးရွာတာနဲ့ ထီးမပါတော့ နီးရာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ဝင်ထိုင်ရပါတယ်။ ဘင်္ဂါလီဆိုင် တစ်ဆိုင် ဖြစ်နေပါတယ်။ ဖြစ်ချင်တော့ အဲသည် အချိန်မှာ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်တို့ ကန်တဲ့ပွဲ တီဗွီမှာ လာနေတယ်။ (ဘယ်ဖလား ဘာပွဲစဉ်လဲ ဆိုတာကိုတော့ အမှတ်တမဲ့ပါပဲ။) ဆိုင်ရှင် မိသားစုနဲ့ သူနဲ့ မျိုးနွယ်တူသူတွေ အားလုံးက ဘင်္ဂလားဒေ့ရှ်ဘက်က အသည်းအသန် အားပေးနေကြတယ်။ မြန်မာ ဂိုးသမားက ဘာလုပ်လိုက်ပြန်ပြီ၊ ညစ်လိုက်ပြန်ပြီ၊ ဘာညာ စသည်ဖြင့် သူတို့ပါးစပ်က ပြောကြ ဆိုကြ တောက်တခေါက်ခေါက်နဲ့ အားပေးကြ လုပ်နေကြချိန်မှာ ကျွန်တော်နဲ့ အခြား စားသုံးသူတွေက အသာလေး ငြိမ်ပြီး ဘာမှ မပြောပဲ တီဗီကိုပဲ ကြည့်နေခဲ့ကြတယ်။ မှတ်မှတ်ရရပါပဲ။ အဲဒီ ကတည်းက ရင်ထဲမှာ မေးခွန်း တစ်ခု ရှိပါတယ်။ ဘယ်သူတွေဟာ ဘယ်နိုင်ငံကို သစ္စာခံကြသလဲ၊ ဘယ်အလံကို အလေးပြုမလဲ၊ ဘယ်နိုင်ငံတော် သီချင်းကို ဆိုကြမလဲ ဆိုတဲ့ မေးခွန်းပါ။

၁၉၈၂-ခုနှစ် နိုင်ငံသား ဥပဒေမှာ နိုင်ငံသားပြုခွင့် ရရန် လျှောက်ထားသူရဲ့ အရည်အချင်းတွေထဲမှာ ‘တိုင်းရင်းသား ဘာသာစကား တစ်မျိုးမျိုးကို ကောင်းမွန်စွာ ပြောတတ်ခြင်း ဆိုတာကို ထည့်သွင်း ပြဋ္ဌာန်းထားပါတယ်။ အမေရိကန်မှာလည်း နိုင်ငံသားလျှောက်တဲ့ သူတစ်ယောက်ဟာ အင်္ဂလိပ် ဘာသာကို မိခင် ဘာသာစကား အနေနဲ့ ပြောတဲ့သူပင် ဖြစ်စေကာမူ (ဥပမာ ကနေဒီယန်တွေပဲ ဖြစ်ဖြစ်ပေါ့) ဘာသာစကားပိုင်း စမ်းသပ်စစ်ဆေးမှုငယ်တစ်ခုကို ဖြတ်သန်းရပါသေးတယ်။ နောက်ပြီးတော့ နိုင်ငံရဲ့ သမိုင်း၊ နိုင်ငံရဲ့ နိုင်ငံရေး စနစ် စတာတွေနဲ့ ပတ်သက်တဲ့ မေးခွန်းတွေ မေးလို့ ကျေနပ်လောက်တဲ့ အဖြေတွေရမှ အမေရိကန်နိုင်ငံသားပြုခွင့် ရကြပါတယ်။ အမေရိကန်နိုင်ငံသား အဖြစ် ကျမ်းကျိန်တဲ့နေ့မှာ ကျမ်းကျိန်ပြီးသည်နောက် အမေရိကန်နိုင်ငံရဲ့ နိုင်ငံတော် သီချင်းဖြစ်တဲ့ The Star-Spangled Banner ကို သံပြိုင် သီဆိုကြရပါတယ်။

ပုဏ္ဏားကျွန်းမြို့နယ် ကာဒီ (ဘင်္ဂါလီ) ရွာကို လဝက တာဝန်ရှိသူတွေဟာ နိုင်ငံသား စိစစ်မှုကို လုပ်ဆောင်ဖို့ သွားရောက်ရာမှာ မအောင်မြင်ဘဲ ပြန်လာခဲ့ရတဲ့နေ့က အဲဒီ သတင်းကို ဖတ်ပြီးတော့ ကျွန်တော် စဉ်းစားမိတာ တစ်ခုရှိတယ်။ လူမျိုးဘာသာ နာမည် မပါလို့ စာရင်း အကောက်မခံဘူး ဆိုတဲ့ သူတွေပေါ့နော် . . . ဒီလူတွေဟာ ဒီနိုင်ငံရဲ့ နိုင်ငံတော် သီချင်းကို ဆိုမှ ဆိုတတ်ပါ့မလားလို့ ကျွန်တော် တွေးနေမိတယ်။ ဒီဘက်က နိုင်ငံတော်သီချင်းကို ဆိုဖို့ မသင်ဘဲ ဟိုဘက်က နိုင်ငံတော် သီချင်းကို ဆိုဖို့ သင်ပေးရင် သူတို့အတွက် ပိုတောင် လွယ်ဦးမယ်လို့ တွေးတောမိပြန်တယ်။ ရာဘင်ဒရာနတ်တဂိုး ရေးသားခဲ့တဲ့ “အာမားရ်ရှိုနားဘင်းဂလား (ကျွန်ုပ်၏ ဘင်္ဂလားဒေ့ရှ် ရွှေနိုင်ငံ)” သီချင်းက သူတို့အတွက် ဆိုရ ပိုလွယ်နေလိမ့်ဦးမယ်။ ဒါမှမဟုတ် ကျွန်တော်တို့ဘက်က စာရင်းသွားကောက်တဲ့ အရာရှိမင်းများကပဲ အဲဒီ ရွာသူရွာသားတို့ အသာတကြည်နဲ့ စာရင်းအကောက်ခံ ပေးဖို့ရာ အတွက် အဲဒီ နိုင်ငံတော် သီချင်းကို မြန်မာနိုင်ငံ နာမည် ထည့်ဆိုပြရင်ကော ဘယ်လိုနေမလဲလို့ တွေးတောမိတယ်။

အရင်က မြန်မာနိုင်ငံကို နတ်မြစ်ဟို ဘက်ခြမ်းမှာ ဘော်ရ်မာလို့ ခေါ်ကြတယ်၊ ကြမာပေါ့။ နောက်ပိုင်းကျတော့ မိုင်ယန်မာလို့ ခေါ်ကြတယ်လို့ ဆိုပါတယ်၊ Myanmar ပေါ့။ အဲဒီတော့ သူတို့အကြိုက် "အာမားရ်ရှိနား ဘော်ရ်မာ"၊ ဒါမှမဟုတ် "အာမားရ်ရှိနား မိုင်ယန်မား" (ကျွနု်ပ်၏ မြန်မာရွှေနိုင်ငံ) သီချင်း အသစ်လေးနဲ့မှ ပြေလည်မှာလား စဉ်းစားကြပါလေကုန်။

အမေရိကန် နိုင်ငံတော် သီချင်း The Star-Spangled Banner ကို မက္ကဆီကန်နွယ်ဖွား လက်တင်နိုတွေ ဆိုရလွယ်အောင် စပိန် ဘာသာစကားနဲ့ သီဆိုခွင့်ပြုဖို့ ၂၀၀၆-ခုနှစ် ဝန်းကျင်လောက်က အာသီသပြုကြတာကို အမေရိကန် စာရေးသူ Lee Harris ကတော့ ကန့်ကွက် ရေးသား ခဲ့ဖူးတယ်။ အရင်အတိုင်းပဲ ကောင်းပါတယ်တဲ့..သူက ဆိုတယ်။ ဖိနပ်နဲ့ မတော်လို့ ဖနောင့်ကို မလှီးပါနဲ့လို့ ပြောချင်တဲ့ သဘောပါ။

ယနေ့ အုပ်စိုးသူ အပေါင်းတို့ ခေါင်းစားနေကြတဲ့ "နိုင်ငံသား မဖြစ်နိုင်သူတွေကို ဘယ်လို ရှင်းထုတ်မလဲ" နဲ့ "ဒီလူတွေ နိုင်ငံသား ဖြစ်နိုင်အောင် တည်ဆဲ ဥပဒေကို ဘယ်လို အပေါက်ဖောက်ရမလဲ" ဆိုတဲ့ ချဉ်းကပ်မှု နှစ်ခုကြားက ရွေးချယ်မှု အကျပ်အတည်းဟာ ဖိနပ်ကို လှီးမလား ဖနောင့်ကို လှီးမလား ဆိုတဲ့ အကျပ်အတည်းနဲ့ သဘောချင်း ခပ်ဆင်ဆင်လို့ ပြောရင် မှားမယ်လို့ မထင် . . . ။

(၆)
နိုင်ငံသား စိစစ်မှု အစစ်အမှန် ဆိုတာ ဒီလိုပါ

၁၉၈၂-ခုနှစ် နိုင်ငံသား ဥပဒေအရ – (၁) နိုင်ငံသား၊ ဧည့်နိုင်ငံသားနဲ့ နိုင်ငံသား ပြုခွင့်ရသူ ဆိုပြီး သုံးမျိုးသုံးစား ရှိကြောင်း စကားဦး ဖော်ပြလိုတယ်။

(၂) ၁၅-၁၀-၁၉၈၂ ရက်နေ့ မတိုင်ခင်က ၄၈ ဥပဒေ တည်ဆဲကာလက နိုင်ငံသား လျှောက်ထားပြီးသား သူတွေကိုတောင် နိုင်ငံသား မပေးတော့ဘူး၊ ဖြစ်သင့်တယ် ထင်ရင် ထောင်ဧည့်နိုင်ငံသားလို့ပဲ ၈၂ ဥပဒေပုဒ်မ ၂၃ အရ သတ်မှတ်နိုင်တယ်လို့ ပြဋ္ဌာန်းထားတယ်။ ဧည့်နိုင်ငံသားလို့ပဲ သတ်မှတ်ပေးခဲ့ကြတယ်။ ဆိုတော့ကာ အခုမှ ၃၄-နှစ် ကြာပြီးခါမှ ဧည့်နိုင်ငံသားထက် အဆင့်မြင့်တဲ့ နိုင်ငံသား အဖြစ်ကို လာလျှောက်နေလို့ မရတော့ဘူး။ ရှင်းရှင်း ပြောရရင် ဧည့်နိုင်ငံသား အဖြစ်ကို လျှောက်ထားခွင့်နဲ့ နိုင်ငံသား အဖြစ်တို့ကို လျှောက်ထားခွင့်တို့ မကျန်တော့ဘူး။ နိုင်ငံသားပြုခွင့်ရသူ အဖြစ်ကိုပဲ လျှောက်ထားနိုင်တော့မှာ ဖြစ်တယ်။ (ရည်ညွှန်းချက် တစ်၊ ၈၂ ဥပဒေ ပုဒ်မ ၂၃။ "၁၉၄၈- ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှု အက်ဥပဒေ အရ နိုင်ငံသား ဖြစ်ရန် လျှောက်ထားသူများသည် သတ်မှတ်ချက်များနှင့် အရည်အချင်းများ ကိုက်ညီပါက ဧည့်နိုင်ငံသား အဖြစ် ဗဟို အဖွဲ့က သတ်မှတ်နိုင်သည်") (ရည်ညွှန်းချက် နှစ်၊ မြန်မာနိုင်ငံသား ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၅ (ခ)။ "ဥပဒေ အာဏာ တည်သည့် ၁၉၈၂-ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ နောက်ပိုင်းတွင် ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အရမှ အပ နိုင်ငံခြားသား တစ်ဦးသည် မည်သည့်နည်းနှင့်မျှ နိုင်ငံသား အဖြစ်ကို ရရှိမည် မဟုတ်ပါ")

(၃) ဒါတင် မကဘူး၊ နိုင်ငံခြားသားတွေ (နိုင်ငံခြားသား ဖြစ်ကြောင်း သေချာနေသူတွေဟာ) နိုင်ငံသား ပြုခွင့်ရသူ အဖြစ်ကိုတောင် လျှောက်ထားခွင့် မရှိဘူး။ (ရည်ညွှန်းချက်၊ ၈၂ ဥပဒေ ပုဒ်မ ၇၂။ "ဤဥပဒေ အာဏာ တည်သည့်နေ့မှ စ၍ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ် အရမှ အပ မည်သည့် နိုင်ငံခြားသားမျှ နိုင်ငံသားပြုခွင့် ရရန် လျှောက်ထားခွင့် မရှိစေရ")

(၄) အနည်းဆုံး မိဘ တစ်ဦးဦးဟာ နိုင်ငံသား အမျိုးအစား တစ်မျိုးမျိုး (နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသား) ဖြစ်သူတွေမှသာလျှင် နိုင်ငံသား ပြုခွင့်ရသူ (ပြုနိုင်ငံသား) အဖြစ်ကို လျှောက်ထားနိုင်တယ်။ နိုင်ငံတကာ ဖိအားပေးတာကို မြန်မာနိုင်ငံက ခံရတဲ့ အတွက်ကြောင့် မို့လို့ အမိ သို့မဟုတ် အဘ တစ်ဦးဦးတောင် ဘာမှ မဟုတ်တဲ့ သူတွေကို နိုင်ငံသား ပြုခွင့်ရသူ အဖြစ် လျှောက်ထားခွင့် ပေးလိုက်ပါကွာ ဆိုတာမျိုးကို ၈၂ ဥပဒေက ပြဋ္ဌာန်း ပေးမထားဘူး။ (ရည်ညွှန်းချက်၊ ၈၂ ဥပဒေ ပုဒ်မ ၄၃ အား အကျယ် ဖတ်ပါရန်။)

(၅) ဒီလိုမျိုး မဟုတ်ရင်လည်း အရင် ဥပဒေ အဟောင်း (၄၈ ဥပဒေ) အရ လျှောက်ထားဖို့ ကျန်ရှိနေသေးပါတယ် ခင်ဗျ ဆိုပြီးတော့ "ခိုင်လုံသော သက်သေ အထောက်အထားများဖြင့်" ပြုနိုင်ငံသား ဖြစ်ခွင့် ရရှိရေးကို လျှောက်ထားနိုင်တယ်။ (ရည်ညွှန်းချက်၊ ၈၂ ဥပဒေ ပုဒ်မ ၄၂။ "၁၉၄၈-ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ မတိုင်မီ ကာလတွင် နိုင်ငံတော် အတွင်း၌ ရောက်ရှိ နေထိုင်သူနှင့် ထိုသူတို့မှ နိုင်ငံတော်အတွင်း မွေးဖွားသည့် သားသမီးသည် ၁၉၄၈-ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ လျှောက်ထားရန် ကျန်ရှိနေကြောင်း ခိုင်လုံသော အထောက်အထားများဖြင့် ဗဟို အဖွဲ့သို့ နိုင်ငံသားပြုခွင့် ရရန် လျှောက်ထားနိုင်သည်။")

(၆) အထက်က ပြောသလို ၄၈ ဥပဒေအရ လျှောက်ဖို့ ကျန်နေခဲ့ပါတယ် ဆိုတာကို ခိုင်ခိုင်လုံလုံ တင်ပြမယ် ဆိုလည်း အဲဒီ ၄၈ ဥပဒေမှာ ဖော်ပြထားတာက – မလျှောက်ထားခင်မှာ လျှောက်ထားဖို့ ကြံရွယ်ပါတယ် ဆိုတာကို အကြောင်းကြား ထားခဲ့တာဟာ တစ်နှစ်ကနေ ငါးနှစ်အတွင်း ကာလမှာ ရှိနေရပါမယ်။ လျှောက်မယ်လို့တော့ စိတ်ထဲက ကြံခဲ့ဖူးတာပဲလို့ လာရှီးလို့ မရပါဘူး။ (ရည်ညွှန်းချက်၊ ၄၈ ဥပဒေ ၇ (၁) (ဃ) ". . . သို့ရာတွင် ထိုသူသည် နိုင်ငံသားပြုမှု လက်မှတ် ရလိုကြောင်း မလျှောက်ထားမီ တစ်နှစ်ထက် မနည်း ငါးနှစ်ထက် မများ ကြိုတင်၍ ဤအက်ဥပဒေအရ ပြဋ္ဌာန်းထားသော နည်းဥပဒေများ၌ ပါရှိသည့် ပုံစံအတိုင်း နိုင်ငံသားပြုမှု လက်မှတ် တောင်းယူရန် ကြံရွယ်ကြောင်းကို စာဖြင့် အကြောင်းကြားထားပြီး ဖြစ်ရမည်။")

(၇) ဒီတော့ "နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့် ရသူဆိုင်ရာ စုံစမ်း စစ်ဆေးရေး အဖွဲ့" လို့ ခေါ်တဲ့ ဘင်္ဂါလီတွေကို နိုင်ငံသား စိစစ်တဲ့ လုပ်ငန်းစဉ်ကို ကြီးကြပ် လုပ်ဆောင်မယ့် အဖွဲ့ဝင်တွေကို ကျွန်တော် အကြံပြု လိုတာက – စနစ်တကျ ဆိုရင် ဒီလို လုပ်သင့်ပါတယ်လို့ အကြံပြုလိုပါတယ်။

လျှောက်ထားသူ ဖိုင်တွဲတစ်ခုကို ကိုင်ပါ။ မိဘ တစ်ဦးဦး နိုင်ငံသား အမျိုးအစား တစ်မျိုးမျိုး ဖြစ်တာ သေချာသလား (အတု မဟုတ်တဲ့ ကတ်ပြားတွေ အမှန်တကယ် ရှိသလား) ကြည့်ပါ။ ဟုတ်တယ်၊ သေချာတယ် ဆိုရင် ပြုနိုင်ငံသားတော့ စဉ်းစားပေးလို့ ရတယ်။ နိုင်ငံသား၊ ဧည့်နိုင်ငံသားတော့ စဉ်းစားပေးဖို့ မလိုတော့ဘူး။

မိဘ တစ်ဦးဦးဟာ နိုင်ငံသား အမျိုးအစား တစ်မျိုးမျိုး ဟုတ်မနေဘူး ဆိုရင် ၄၈ ဥပဒေအရ လျှောက်ထားရန် ကျန်ရှိကြောင်း အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ (ဆိုလိုတာက ပြုနိုင်ငံသား လျှောက်ဖို့ ကြံရွယ်ကြောင်းကို စာပို့ထားတာ တစ်နှစ်နဲ့ ငါးနှစ်ကြားမှာ ရှိနေကြောင်း ခိုင်လုံ အထောက်အထားများနဲ့) လျှောက်တာလား ကြည့်ပါ။ အဲသလို ဟုတ်နေရင် ထည့်သွင်း စဉ်းစားပေးလို့ ရပါတယ်။ ဒီလိုမှ မဟုတ်ရင်တော့ နိဋ္ဌိ တံပါပြီ။ အမှုဖိုင်ကို အသာလေးပိတ်ပြီး ဘေးဖယ်လိုက်ပါ။ စဉ်းစားစရာ မလိုတော့ပါဘူး။

(၈) အထက်ဖော်ပြပါ နည်းလမ်းအတိုင်း မဟုတ်ဘဲ အမေရိကန်ကို ဘာပဲ အလိုက်ပေးလို့ ပေါင်းရပေါင်းရ ပေါင်းသင်းချင်ဇော လွန်နေတာက တစ်မျိုး၊ တူရကီ နိုင်ငံခြားရေးဝန်ကြီး မျက်နှာကို ပြေးမြင်ပြီး OIC နဲ့လည်း မျက်နှာ မပျက်ဖို့ လိုတယ်လေ ဆိုပြီး အားနာတာက တစ်ဖုံ၊ နည်းလမ်း မညီညွတ်ဘဲ နိုင်ငံသား၊ ပြုနိုင်ငံသားပေးဖို့ လုပ်ကြတယ် ဆိုရင်တော့ တိုင်းပြည်နဲ့ လူမျိုးကို ရောင်းစားကြတာပဲ ဖြစ်ပါတော့တယ်။

(၉) တမြန်နေ့ (၁၅-၀၆-၂၀၁၆) ရက် နေ့ရက်စွဲပါ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု လက်မှတ်နဲ့ ထုတ်ပြန်တဲ့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ညွှန်ကြားချက် အမှတ် (၆၆/၂၀၁၆)အားဖြင့် ပြည်နယ် အဆင့်နဲ့ မြို့နယ်အဆင့် “နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူ ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အဖွဲ့” တွေကို ဖွဲ့စည်း တာဝန်ပေးအပ်ကြောင်း ညွှန်ကြားချက် ထုတ်ပြန်တာကို ကြားသိရပါတယ်။ အဲဒီ စုံစမ်းစစ်ဆေးရေး အဖွဲ့တွေမှာ ဒေသခံ လူထုကို ကိုယ်စားပြုနိုင်တဲ့သဘော ရှိသူတွေ ပါနိုင်အောင် မြို့မိ မြို့ဖ (ဒါမှမဟုတ်) လူထုက တစ်နည်းနည်းဖြင့် ရွေးချယ်ပေးသူ နှစ်ဦးစီကို အရင်တုန်းက ထည့်သွင်း ဖွဲ့စည်းခဲ့ပါတယ်။ အခု သိရှိရတဲ့ ဒီညွှန်ကြားချက်မှာ မြို့မိ မြို့ဖ နှစ်ဦးအစား “ဌာနဆိုင်ရာ အများကြည်ညို လေးစားခြင်း ခံရသူ နှစ်ဦး” လို့ ဖော်ပြထားတာကို တွေ့ရပါတယ်။ စကား အသွားအလာအရ အများကြည်ညို လေးစားခြင်းကို ခံရစေဦးတော့ ဌာနဆိုင်ရာတွေက မကြိုက်ရင် အဖွဲ့ထဲမှာ တာဝန်ပေးလို့ မရဘူး ဆိုတဲ့သဘော ဖြစ်နေတယ်။ အမိန့်နာခံနေရသူတွေ မဟုတ်တဲ့ လွတ်လွတ်လပ်လပ် သဘောထားပေးနိုင်သူ တစ်ယောက်မှ မပါနိုင်အောင် ပြုလုပ်ထားတဲ့ အစီအမံ ဖြစ်နေတဲ့အတွက် ဒီအစီအမံဟာ လုံးဝ မဖြစ်သင့်ကြောင်းကို ပြည်သူလူထုက ကိုယ်စားပြု ပြောဆိုခွင့် ပေးထားသော နိုင်ငံရေးသမား တစ်ဦး အနေဖြင့် မိမိက ကန့်ကွက်ပါတယ်။ စုံစမ်းစစ်ဆေးရေး အဖွဲ့ထဲမှာ မြို့လူထုက တစ်နည်းနည်းဖြင့် ရွေးချယ်ပေးထားတဲ့သူ အစိုးရ ဌာနဆိုင်ရာက ကြိုက်နှစ်သက်ခြင်း၊ ကြည်ညိုလေးစားခြင်းကို ရတယ်၊ မရဘူး ရယ်လို့ ပြောနေစရာ မလိုသူ နှစ်ဦးကို အရင်အတိုင်းပဲ ထည့်သွင်းပေးစေလိုကြောင်းကို တိုက်တွန်းပါတယ်။

(၇)

ဥပဒေ အဟောင်းကို ဖျက်ပြီး အသစ် ဘာကြောင့် ပြုခဲ့ကြရသလဲ

တည်ဆဲ ဥပဒေဖြစ်တဲ့ ၁၉၈၂-ခုနှစ် နိုင်ငံသား ဥပဒေကို တိတိကျကျ ကြပ်ကြပ်မတ်မတ် မတိမ်းမစောင်း သုံးစွဲကြဖို့ ဘာကြောင့် တိုက်တွန်းနေရသလဲ ဆိုတာကို ပိုမို ထင်လင်း သိသာ စေနိုင်ဖို့ရာ ၁၉၈၂ နိုင်ငံသား ဥပဒေ ရေးဆွဲစဉ် ကာလ ၁၉၈၀ ပြည့်နှစ် ဇွန်လက ပုံနှိပ် ထုတ်ဝေခဲ့တဲ့ “နိုင်ငံသား ဥပဒေကြမ်း ရေးဆွဲရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းရေးနှင့် အကြံဉာဏ် တောင်းခံရေးအဖွဲ့ အဆင့်ဆင့်အတွက် လက်စွဲစာတမ်း” ထဲမှာ အရင် ၁၉၄၈ ဥပဒေဟောင်းကို

မသုံးတော့ဘဲ ဖျက်သိမ်းဖို့ရာ ဖြစ်လာရတဲ့ အကြောင်း တစ်ချက်ကို ဒီမှာ ပြန်လည် ဖော်ပြလိုပါတယ်။ ထိုစဉ်က နိုင်ငံတော် သမ္မတရဲ့မှတ်ချက်စကား ဖြစ်ပါတယ်။ "ဥပဒေဟောင်းအတိုင်း ဘိုးဘွား လေးဦးအနက် တစ်ဦးသည် မြန်မာဖြစ်လျှင် (မြေး)ကို တိုင်းရင်းသား အဖြစ် အသိအမှတ် ပြုမည် ဆိုပါက အဆုံးမသတ်နိုင်သည့် အခွင့်အရေး တစ်ရပ်ဖြစ်ကြောင်း၊ တစ်ဖန် ဘိုးဘွားလေးဦး စလုံး နိုင်ငံခြားသား ဖြစ်သည့်တိုင်အောင် နှစ်အပိုင်းအခြားဖြင့် သားစဉ်မြေးဆက် သုံးဆက် ဖော်ပြထားသည်ကို တွေ့ရကြောင်း၊ ထိုအချိန်က လွတ်လပ်ရေး ရရှိဖို့ ကြိုးပမ်းနေချိန် ဖြစ်၍ လိုက်လျောပေးခဲ့ရခြင်း ဖြစ်ကြောင်း၊ ယခု အချိန်တွင် ယင်းအချက်ကို ဆက်လက် ထားရှိရန် မလိုတော့ကြောင်း" မှတ်ချက်ပေး လမ်းညွှန်ခဲ့တာကို ဖော်ပြထားပါတယ်။

ပြောချင်တာက ဒီလောက် အရေးကြီးတဲ့ ဥပဒေ တစ်ရပ်မှာ ဒီလောက်ထိကို အပေါက်ကြီး ဟောင်းလောင်း ဒိုးယိုပေါက် ပွင့်နေတာကြီးကို အပြီးပိတ်ကာ ဥပဒေအသစ် ပြုသင့်တယ် ဆိုပြီး ၈၂ ဥပဒေကို ပြုခဲ့ကြတယ်။ ဒီဘက်ခေတ်ကို ရောက်တော့မှပဲ ၈၂ ဥပဒေ စာအုပ်ကို လူမမြင်အောင် အသာလေးပိတ်ပြီး အရင် ဥပဒေအဟောင်း ၄၈ ဥပဒေ စာအုပ်ကို မဆီမဆိုင် ဖွင့်ပြီးတော့ နိုင်ငံသား ပေးနိုင်ဖို့ ကြံတာကို တွေ့ရတဲ့အတွက်၊ အံ့ရော . . . အံ့ရောလို့ပဲ မြည်တမ်းရတော့မလား မသိတော့ပါဘူး။

(၈)

ပန်ကြားချက်

နိုင်ငံရဲ့အချုပ်အခြာ အာဏာဟာ နိုင်ငံသားတွေဆီက ဆင်းသက်တာ ဖြစ်တဲ့အတွက် နိုင်ငံသား မဖြစ်သင့်သူတွေ နိုင်ငံသား ဖြစ်လာတဲ့ အခါ မိမိတို့ နိုင်ငံရဲ့ အချုပ်အချာ အာဏာဟာ ထိပါးယိုယွင်းခြင်း ခံရပါတယ်။ နိုင်ငံသား မဖြစ်သင့်သူတွေ နိုင်ငံသား ဖြစ်လာရုံမက အဲဒီ လူတွေဟာ နံဘေးကပ်လျက် လူဦးရေ မိမိတို့ထက် သုံးဆမက များပြီး လူဦးရေ ပေါက်ကွဲနေတဲ့ အိမ်နီးချင်းနိုင်ငံက နိုင်ငံသားတွေနဲ့ လူမျိုး တစ်မျိုးတည်း (နီးကပါး) ဖြစ်နေတဲ့ အခါ ဒီလူတွေဟာ အရေအတွက်အားဖြင့် တစ်သန်းတည်းပါပဲ ဆိုတာထက် အများကြီး အဓိပ္ပာယ် ဆောင်ပါတယ်။ အနေအနဲ့ အမြန် ဆိုသလို နိုင်ငံကျဆုံးခန်း ဆိုက်ရောက်လာနိုင်တဲ့ အလားအလာမျိုး ဖြစ်ပါတယ်။

ညီအစ်ကိုချင်း စကားများတတ် ရန်ဖြစ်တတ်ကြတာက လက်သီးနဲ့ ထိုးချင် ထိုးတတ်ကြတာက သဘာဝ ဖြစ်ပေမယ့် အိမ်ကို ခိုးသူတွေ ချိုးဖောက်ဝင်ရောက် လာတဲ့ အခါကျရင် ညီအစ်ကိုတွေအားလုံး လုံ့ဆွဲ ရင်ဆိုင်ပြီး မိမိတို့ ကိုယ်တိုင်ရဲ့အသက်ကို သာမက မိမိတို့ရဲ့အိုးအိမ်၊ အစ်မ နှမ၊ မိခင် ဖခင်တို့ကို ဝိုင်းဝန်း ကာကွယ် ကြရပါကြောင်း . . . ပြည်ထောင်စုသား အားလုံးတို့အား သတင်းစကား ပို့သ အပ်ပါတယ်။

Writer: ကျော်ဇောဦး

Daily Eleven သတင်းစာ

၂၀၁၆-ခုနှစ် ဇွန်လ (၂၆) ရက် ၊ တနင်္ဂနွေနေ့